မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးဒဏ်ခံဒေသများ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် လက်တွဲဆောင်ရွက်လျက်ရှိ

မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို စေတနာသန့်သန့်ဖြင့် နိုင်ငံရေးပယောဂ၊ နှောင်ကြိုးများမပါဘဲ ကူညီမှုများကို လက်ခံကြိုဆို

ရန်ကုန် မေ ၂၅

ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့်ညီလာခံတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အဆွေတော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အဆွေတော် အာဆီယံအမြဲတမ်း ကော်မတီဥက္ကဋ္ဌ မစ္စတာဂျော့ချ်ယိုး၊ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူယင်ပစ်ဆူဝမ်၊ ဂုဏ်သရေရှိ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား၊ အဆွေတော်တို့အား မြန်မာနိုင်ငံအစိုးရနှင့်တကွ ပြည်သူများမှ လှိုက်လှဲစွာကြိုဆိုပါကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ ဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် မြန်မာပြည်သူအချို့ ဘေးဒုက္ခကြုံတွေ့တဲ့အချိန်မှာ အဆွေတော်တို့ကိုယ်တိုင် မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ပြည်သူများအား ကူညီထောက်ပံ့အားပေးဖို့ ယခုလိုရောက်ရှိလာကြတဲ့အတွက် အထူးကျေးဇူးတင်ပါကြောင်း မြန်မာပြည်သူများရဲ့ ကိုယ်စား ပြောကြားလိုပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ ■

သဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံတွင် မိန့်ခွန်းမြွက်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် မေ ၂၆ ရက်)

လေဘေးသင့်ဒေသ ဆေးရုံများနှင့် စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

မြန်မာနိုင်ငံအတွင်း မေလ ၂ရက်နှင့် ၃ရက်နေ့က ဆိုင်ကလုန်းမုန်တိုင်းကြီးတိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၌ လေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုများဖြင့် လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မုန်တိုင်းဒဏ်ခံရသောဒေသများ၌ ဆေးရုံ၊ စာသင်ကျောင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများကို ဦးစားပေးအဆင့်အနေဖြင့် ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့ရှိ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးတို့တွင် လေဘေးဒဏ်ကြောင့် အမိုးများပျက်စီးခဲ့ရာ သက်ဆိုင်ရာကုမ္ပဏီများ၏ ပူးပေါင်းကူညီမှုဖြင့် ပြန်လည်ပြုပြင်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့သည်လည်း အမိုးသွပ်နှင့် အမိုးအုတ်ကြွပ်ပြားများ ပျက်စီးသွားသဖြင့် ပြန်လည်ပြုပြင်မှုလုပ်ငန်းများကို စနစ်တကျ တည်ဆောက်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ရန်ကုန်တက္ကသိုလ်ရှိ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ တက္ကသိုလ်ပရိဝုဏ် ပြန်လည်သပ်ရပ်သန့်ရှင်းစေခြင်း စသည့်လုပ်ငန်းများကို အဆင့်လိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

လေဘေးသင့်ဒေသများရှိ ပျက်စီးယိုယွင်းသွားသော စာသင်ကျောင်းများ အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် စေတနာရှင်ကုမ္ပဏီများ၏ အကူအညီဖြင့် အလျင်အမြန်ဆောင်ရွက်နေကြပြီဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသော ဒေသများ၌ ပြန်လည်ထူထောင်ရာတွင် ဆေးရုံ၊ စာသင်ကျောင်းများကို ဦးစားပေးအဆင့်ဖြင့် ပြုပြင်ရာ၌ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာ ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ရန်ကုန်တိုင်း သာကေတမြို့နယ် ၇ရပ်ကွက် ဇိနမာရ်အောင်စေတီအနီး သုညတမေ္တမိုးကုတ်ဝိပဿနာ မေ္တရိပ်သာကျောင်းတိုက် မဂ္ဂမေ္တလေးထပ်ဆောင် မတည်အလှူရှင် မကွေးမြို့နယ် လက်ပန်ရွာသစ်ကျေးရွာနေ မိဘနှစ်ပါး ဖြစ်သော ဦးသောင်းထီ-ဒေါ်စောမြိုင်တို့အား ဦးထိပ်ထား၍ သားဦးကျော်ဌေးအောင်က အလှူငွေကျပ် ၁၂၀၀၀၀ကို သုညတမေ္တဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက်** (အပိုင်း -၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း-၁၄)

မောင်တောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၅

ရခိုင်ပြည်နယ် မောင်တောမြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ ရက် နံနက် ၈နာရီက မောင်တောမြို့နယ် ကျီးကန်းပြင်တပ်နယ်မှ ခြံစည်းရိုးကြက်ဆူ ၁၁၄၁၆၀ ပျိုးထောင်ထားသော ပျိုးဥယျာဉ်နှင့် ကြက်ဆူ ၈၃ဧကစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ရော်ဘာစိုက်ခင်း

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ရော်ဘာ ၁၁၅ဒသမ ၅၅ဧကစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် အလယ်သံကျော်တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး လူနာဆောင်များကို ကြည့်ရှုစစ်ဆေးကာ လူနာများအား ထောက်ပံ့ပစ္စည်းများပေးအပ်၍ ခွဲစိတ်ခန်းနှင့် ဆေးစတိုများကို ကြည့်ရှုစစ်ဆေးရာ တိုက်နယ်ဆရာဝန်ဒေါက်တာအောင်ကျော်မိုးနှင့် ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာချိုထွန်းတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် အလယ်သံကျော်ကျေးရွာရှိ ခြံစည်းရိုးကြက်ဆူ ၃၇ဒသမ ၈ဧက စိုက်ခင်းနှင့် မြင်းလွတ်ကျေးရွာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မောင်တောမြို့သို့ရောက်ရှိပြီး သီရိမင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး စာရေးကိရိယာများကို ဘူးသီးတောင်နှင့် မောင်တောမြို့နယ် ပညာရေးမှူးများထံသို့ ထောက်ပံ့ပေးအပ်သည်။

အလေးထား

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မောင်တောမြို့ ငါးမိုင်ရှိ သစ်တောပျိုးဥယျာဉ်နှင့် မေယုသစ်တောကြိုးဝိုင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမောင်ညွန့်က ခရိုင်အတွင်းရှိ သစ်တောစိုက်ခင်းများနှင့် သစ်တောထိန်းသိမ်းမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က သစ်တောကာကွယ်ရေးအတွက် တရားမဝင် သစ်ခုတ်နေမှုများကို ကာကွယ်တားဆီးရေး အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် သစ်တောပျိုးဥယျာဉ်အတွင်း ကျွန်းပင် ၁၀၀၀၀နှင့် ပျဉ်းကတိုးပင် ၃၀၀၀၀ ပျိုးထောင်ထားရှိမှု၊ ကျွန်းပင် ၅၇ဧက အပါအဝင်နှင့် လမ်းကြောင်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသည့် ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ မေယု သစ်တောကြိုးဝိုင်းသည် ၆၆၉၅၈ဧကကျယ်ဝန်းပြီး ဘူးသီးတောင်မြို့နယ်အတွင်း၌ ၁၀၈၆၃ဧက၊ မောင်တောမြို့နယ်အတွင်း၌ ၅၆၀၉၅ဧကဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် ဘူးသီးတောင်မြို့နယ် ခြောက်မိုင်အနီးရှိ မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်ဥက္ကဋ္ဌက စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၅

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများကို အဆက်မပြတ်လှူဒါန်းလျက်ရှိကြရာ LG Electronics(Thailand)မှ Managing Director, Mr.Howard Lee သည် TMW Enterprise Ltd.မှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)သို့ လာရောက်၍ လေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာနှစ်သောင်းတန်ဖိုးရှိ LG Sport-Shirtများ၊ လူသုံးကုန်ပစ္စည်းများ၊ တာပေါ်လင်စများနှင့် LG Asiaမှ CEO,Mr. Woody Nam က ပေးပို့လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၅၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဖက်မိဘများအား အမှူးထား၍ အမှတ်(၆) ရွှေနတ်ကူဘုရားလမ်း (၂)ရပ်ကွက် ဖျာပုံမြို့နေ ဦးမြင့်သန်း-ဒေါ်ချိုချိုရှိန်၊သားမောင်ရှိန်ဖြိုးသော်၊ သမီးမရှိန်ယမင်းဖိုး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံ မွန်းလွဲပိုင်းသဘာပတိအဖြစ် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. George Yeo နှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan နှင့် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes တို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကျော့ဖုံးမှ

ယင်းညီလာခံတွင် သဘာပတိအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. George Yeo တို့က ဆောင်ရွက်ကြသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့်ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။(သတင်းစဉ်)

ခေတ္တငြိမ်သက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များသည် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကြောင့် ထိခိုက်ဆုံးရှုံးရသူများအား အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ခေတ္တငြိမ်သက်၍နေကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်မိန့်ခွန်းမြွက်ကြားသည်။

(နိုင်ငံတော်ဝန်ကြီးချုပ်၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက မိန့်ခွန်းပြောကြားရာတွင် မုန်တိုင်းဒဏ်ကို ခံစားခဲ့ကြရသည့် ပြည်သူများအား ကူညီရန် မိမိတို့အသင့်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းနှင့်စပ်လျဉ်း၍ မိမိအနေဖြင့် လွန်စွာအားတက်မိကြောင်း၊ ယင်းအချက်တို့မှာ မကြာသေးမီ ရက်ပိုင်းများအတွင်းက မြန်မာ့ခေါင်းဆောင်များနှင့် မိမိတို့ရရှိခဲ့သော သဘောတူညီချက်နှင့်အညီ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအကြား ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သဘောတူညီချက် ရရှိခဲ့ခြင်းပင်ဖြစ်ကြောင်း။

မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းသည် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းဖြစ်သည့် အားလျော်စွာ နိုင်ငံတကာ အကူအညီပေးရေး လုပ်သားများအားလုံးကို နိုင်ငံအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ခွင့်ပေးရန် နိုင်ငံတော်အစိုးရက သဘောတူညီခဲ့ကြောင်း၊ အကူအညီပေးရေးလုပ်ငန်းများ ထိရောက်မှုရှိစေရေးအတွက် အတားအဆီးများ မရှိသင့်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများကို အလျင်အမြန် ပေးပို့နိုင်ရေးအတွက် မုန်တိုင်းဒဏ်ခံခဲ့ရသောဒေသများ၌ ရှေ့တန်းထောက်ပံ့ရေးစခန်းများ ဖွင့်လှစ်ရန် မိမိနှင့် သဘောတူညီချက်ရရှိခဲ့ကြောင်း။

မျှော်လင့်

မိမိတို့ရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် စတင်ဆောင်ရွက်နေပြီဟု ထင်မြင်ယူဆပါကြောင်း၊ နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်သားအချို့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့တို့မှ လုပ်သားများ ဧရာဝတီတိုင်းအတွင်းသို့ အခက်အခဲမရှိ ဝင်ရောက်နိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ သဘာဝဘေး အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံတော်အစိုးရကို ကူညီနိုင်စေရန်ရည်ရွယ်လျက် ကယ်ဆယ်ရေးလုပ်သားများ ပိုမိုဝင်ရောက်ခွင့်ရရှိလာမည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက မျှော်လင့်လျက်ရှိကြကြောင်း။

မိမိအနေဖြင့် ကမ္ဘာ့တစ်ဝန်းရှိ ဂုဏ်သရေရှိလူကြီးမင်းများနှင့် တာဝန်ရှိသူများ၊ ကယ်ဆယ်ရေးလုပ်ငန်းကျွမ်းကျင်သူ လုပ်သားအများအပြားကို ယနေ့တွေ့ဆုံခွင့်ရရှိသဖြင့် အလွန်ဝမ်းမြောက်မိပါကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းနာဂစ်သည် မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သော ဧရာဝတီတိုင်းနှင့် နိုင်ငံ၏ အချက်အချာကျသော ရန်ကုန်တိုင်းတို့ကို ဖြတ်သန်းဝင်ရောက် ဖျက်ဆီးခဲ့ပါကြောင်း၊ မုန်တိုင်းကြောင့် သေဆုံးနှင့်ပျောက်ဆုံး စုစုပေါင်း ၁၃၀၀၀၀ကျော် ရှိကြောင်း။

လွန်ခဲ့သည့်ရက်အနည်းငယ်က မုန်တိုင်းဒဏ်သင့်ဒေသသို့ မိမိရောက်ရှိခဲ့ကြောင်း၊ နေအိမ်များ၊ ကျေးရွာများနှင့် လမ်းများ ရေစီးနှင့်အတူ မျောပါခဲ့ရပြီး လယ်ကွင်းများ ရေနစ်မြုပ်ခဲ့ကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း များစွာမှာလည်း ပျက်စီးခဲ့ရကြောင်း၊ သို့အတွက် နေအိမ်များအား ပြန်လည်တည်ဆောက်လျက်ရှိသည်ကို မိမိတွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံပြည်သူများသည် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများအား ကူညီနိုင်ရန် ကြိုးပမ်းလျက် ရှိရာတွင် သတ္တိ၊ ဇွဲတွေ့ရှိရလှပြီး ပြန်လည်ရုန်းထနိုင်စွမ်း ကြီးမားသည်ကို ပြသနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီနှင့်အတူ ကယ်ဆယ်ရေးအစီအစဉ်များအား အကောင်အထည်ဖော်လျက်ရှိသည်ကို မိမိ တွေ့မြင်ခဲ့ရပါကြောင်း။

အိမ်နီးချင်းနိုင်ငံများမှ ဆေးအဖွဲ့များအပြင် နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်ငန်း ကျွမ်းကျင်သူများနှင့် အတွေ့အကြုံရှိ ကယ်ဆယ်ရေးလုပ်သားများသည် သဘာဝဘေး အန္တရာယ် ကျရောက်ခဲ့သည့်ဒေသများသို့ နှောင့်နှေးမှုမရှိဘဲ ဝင်ရောက်ခွင့်ရရှိသင့်ကြောင်း၊ ရဟတ်ယာဉ်များနှင့် မော်တော်ဘုတ်များ အပါအဝင် သယ်ယူပို့ဆောင်ရေးယာဉ်များ ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ အကူအညီပေးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်တစ်ရပ် အမြန်ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံအာဏာပိုင်များနှင့် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

လူမှုစီးပွားဘဝ

မကြာသေးမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ရာတွင် မိမိအနေဖြင့် ကျေနပ်အားရမှုရှိပါကြောင်း၊ မိမိသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များအား

အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan က အာဆီယံ ဦးဆောင်သည့် ညှိနှိုင်းဆောင်ရွက်မှုစနစ်နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

ဝင်ရောက်ခွင့်ပေးရေးနှင့်စပ်လျဉ်း၍ သဘောတူညီမှု ရရှိခဲ့ပါကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများကို ခြောက်လထက်မနည်း လအတန်ကြာမျှ ဆောင်ရွက်ရမည်ဟု မိမိမျှော်လင့်ကြောင်း၊ မုန်တိုင်းသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်မှာပင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဘက်သို့ မိမိတို့ ဦးလှည့်ရမည်ဖြစ်ကြောင်း၊ လယ်သမားများနှင့် ရေလုပ်သားများအား ၎င်းတို့၏ လူမှုစီးပွားဘဝ ပြန်လည်တည်ဆောက်နိုင်ရန် အကူအညီပေးရမည်ဖြစ်ကြောင်း။

ပျက်စီးသွားသော အပေါ်ထပ်အဆောက်အအုံများကိုလည်း ပြန်လည်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အာဆီယံဦးဆောင်သော သုံးဦးသုံးဖလှယ် ညှိနှိုင်းဆောင်ရွက်သွားရေးစနစ်ကို မြန်မာနိုင်ငံအစိုးရက လက်ခံသဘောတူခဲ့သည့်အတွက် ကြိုဆိုပါကြောင်း၊ လက်ငင်းအားဖြင့် မိမိတို့လုပ်ရမည်မှာ လူသားချင်းစာနာမှု အကူအညီများပေးရမည် ဖြစ်ကြောင်း၊ လူအများ၏ဘဝကို ကယ်တင်ရန်နှင့် မုန်တိုင်းသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ရန် မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကြာမီရက်များအတွင်း လေဘေးဒဏ်ခံပြည်သူများအတွက် အကူအညီအထောက်အပံ့များ တိုးတက်ရရှိလာမည်ဟု မျှော်လင့်ပါကြောင်း၊ ငွေအား၊ လူအားဖြင့် သဒ္ဓါရက်ရောစွာ လှူဒါန်းထောက်ပံ့မှုများပြုရန် ကတိကဝတ်ပြုမှုများကို မိမိတို့ ရရှိထားပြီးဖြစ်ကြောင်း။

စိုက်ပျိုးမှုအပေါ် မှီခို

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူ ၁ဒသမ၅သန်းခန့်ကို လာမည့်သုံးလခန့်အတွင်း အရေးပေါ်အကူအညီပေးနိုင်ရန် အမေရိကန်ဒေါ်လာ ၂၀၁သန်းခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ယနေ့အထိ ထိုပမာဏ၏ ရာခိုင်နှုန်း၃၀ခန့်ကို ရရှိပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ရာခိုင်နှုန်း ၂၀ခန့်ရရှိရန် ကတိကဝတ်များလည်း ရရှိပြီးဖြစ်ကြောင်း၊ သန့်ရှင်းသောရေ၊ အမိုးအကာ၊ နေအိမ်၊ ဆေးဝါးနှင့် စားနပ်ရိက္ခာများမှအစ သဒ္ဓါရက်ရောစွာ လှူဒါန်းကြရန် တိုက်တွန်းပါကြောင်း၊ အထူးသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် လိုအပ်ပါကြောင်း၊ စပါးစိုက်ပျိုးသော ရာသီသို့ရောက်ရှိရန် ရက်သတ္တပတ်အနည်းငယ်သာ လိုတော့ကြောင်း၊ ကမ္ဘာ့တွင် စားနပ်ရိက္ခာ ဈေးနှုန်းများတက်လျက်ရှိပြီး သန်းပေါင်းများစွာသော လူတို့မှာ ထိုစိုက်ပျိုးမှုအပေါ် မှီခိုနေပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး Mr. George Yeo မိန့်ခွန်းပြောကြားရာတွင် ယနေ့အစည်း အဝေးသည် မုန်တိုင်းဒဏ်သင့်ပြည်သူများကို စားနပ်ရိက္ခာ၊ အမိုးအကာနှင့် ဆေးဝါးများ ထောက်ပံ့နိုင်ရေးအတွက်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ လှေများ ပိုမိုလိုအပ်လျက် ရှိကြောင်း၊ မုန်တိုင်းသင့်ပြည်သူများ၏ဘဝကို ပြန်လည်ထူထောင်နိုင်ရေးအတွက် မကြာမီလများအတွင်း စိုက်ပျိုးစရာမျိုးစေ့များ၊ စိုက်ပျိုးရေးစက်ပစ္စည်းများ၊ နေအိမ်များ၊ ကျောင်းများ စသည်တို့ လိုအပ်တော့မည် ဖြစ်ကြောင်း။

ဝမ်းမြောက်မိ

ထို့ကြောင့် အာဆီယံဦးဆောင်သော ပူးပေါင်းညှိနှိုင်းရေးယန္တရားတစ်ရပ် ထူထောင်ရန် မိမိတို့သဘောတူထားကြကြောင်း၊ ထိုယန္တရားသည် ကုလသမဂ္ဂနှင့်တကွ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အနီးကပ် လက်တွဲဆောင်ရွက်ကြမည်

ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်း တိုက်ခတ်ခံရပြီးနောက် ကုလသမဂ္ဂနှင့် အာဆီယံတို့ပူးတွဲ၍ နိုင်ငံတကာမှ တုံ့ပြန်အကူအညီပေးရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဖြစ်ကြောင်း၊ ထိုအာဆီယံလုပ်ငန်းအဖွဲ့ကို အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဆူယင်ပစ်ဆူဝမ်က နိုးဆော်၍ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီကြပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံအားလုံးမှ ကယ်ဆယ်ရေးလုပ်သားများအား အဝင်ခံမည်ဟု သဘောတူလိုက်ခြင်းအပေါ် ဝမ်းမြောက်မိပါကြောင်း၊ မမောနိုင် မပန်းနိုင် ကြိုးပမ်းဆောင်ရွက်ပေးသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကိုလည်း ကျေးဇူးတင်ပါကြောင်း။

ယခုအစည်းအဝေးတွင် မုန်တိုင်းကျပြီးနောက်ပိုင်း မုန်တိုင်းဒဏ်သင့် ပြည်သူများအား မည်သို့အကူအညီပေးမည်ကို ဝိုင်းဝန်းအာရုံစိုက်ကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံရေး သဘောတရားအမြင်များကို ဖယ်ထားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဗီဒီယိုဖြင့် ပြသသည်။

ရှင်းလင်းပြောကြား

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်အစိုးရ၏ ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နာဂစ်ဆိုင်ကလုန်း မုန်တိုင်း ဝင်ရောက်လာခြင်း၊ *စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှ

မုန်တိုင်းဖြတ်ကျော်တိုက်ခတ်ခံရသည့်ဒေသများ နိုင်ငံတော်မှ အရေးယူဆောင်ရွက်မှု၊ ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေ၊ ပြည်တွင်းပြည်ပမှ အကူအညီများရရှိမှု၊ ပြည်တွင်းပြည်ပမှ ထောက်ပံ့သည့် ပစ္စည်းများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ခြင်း၊ မုန်တိုင်းကြောင့် သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကယ်ဆယ်ရေးကူညီစောင့်ရှောက်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes က မြန်မာနိုင်ငံ၌ နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီးနောက် ကုလသမဂ္ဂနှင့် အာဆီယံတို့ပူးတွဲ၍ နိုင်ငံတကာမှ တုံ့ပြန်အကူအညီပေးရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan က အာဆီယံဦးဆောင်သည့် ညှိနှိုင်းဆောင်ရွက်မှုစနစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ခေတ္တရပ်နား

ယင်းနောက် နေ့လယ်စာသုံးဆောင်ရန် ညီလာခံကို မွန်းလွဲ ၁နာရီတွင် ခေတ္တရပ်နားသည်။

ညီလာခံခေတ္တရပ်နားချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ပြည်ပနိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများအား ဆီဒိုးနားဟိုတယ် (၁၁)ထပ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ညီလာခံကို မွန်းလွဲ ၂နာရီ ၂၅မိနစ်တွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် အာဆီယံ အမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. George Yeo က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes တို့က ဆောင်ရွက်ကြသည်။

ထို့နောက် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြု၍ နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများအတွက် ကတိကဝတ်ပြုကြရာ အင်ဒိုနီးရှား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှား၊ ဒိန်းမတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဆွီဒင်၊ လာအို၊ ထိုင်း၊ အိန္ဒိယ၊ ဗြိတိန်၊ ဘရူနိုင်း၊ ဂျာမနီ၊ နယ်သာလန်၊ ဂျပန်၊ နော်ဝေး၊ ဖိလစ်ပိုင်၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ကိုရီးယားသမ္မတနိုင်ငံ၊ ပြင်သစ်၊ တူရကီ၊ စလိုဗေးနီးယား၊ အိုင်ယာလန်၊ ဖင်လန်၊ ဆွစ်ဇာလန်၊ အစ္စရေး၊ ဘရာဇီးလ်၊ စပိန်၊ လူဇင်ဘတ်၊ ဘယ်လ်ဂျီယံ၊ ဥရောပသမဂ္ဂ၊ ကနေဒါ၊ ချက်သမ္မတနိုင်ငံ၊ အီတလီ၊ နယူးဇီလန်၊ တောင်အာဖရိက၊ နီပေါ၊ ရုရှား၊ WFP၊ IOM၊ World Bank၊ ADB၊ ICRC နှင့် Save the Children တို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ငွေကြေးအကူအညီများနှင့် အခြားအကူအညီများပေးရေးအတွက် ကတိကဝတ်ပြုကြသည်။

အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. George Yeo ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့သည် ညနေ ၅နာရီ ၁၅မိနစ်တွင် ညီလာခံသို့ ရောက်ရှိလာကြပြီး ညီလာခံသို့ တက်ရောက်ကြသည်။

ထို့နောက် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ချ်ယိုးက နိဂုံးချုပ်မိန့်ခွန်းပြောကြားပြီး ညီလာခံကို ညနေ ၅နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြို့အတွင်း၌မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြင်ဆင်နေမှုများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများ ကြည့်မြင်တိုင်မြို့နယ် လမ်းတစ်လျှောက်၌ လဲကျနေသော သစ်ပင်များနှင့် အမှိုက်များ အပြီးသတ်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့အတွင်း၌ မုန်တိုင်းဒဏ်ကြောင့် လဲကျသွားသော သစ်ပင်များကို အပြီးသတ်ရှင်းလင်းနေမှုနှင့် ပျက်စီးသွားသော အဆောက်အအုံများအား ပြန်လည်ပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း ဗိုလ်သူရလမ်းသွယ်နှင့် ရုံးကြီးလမ်းတို့တစ်လျှောက်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက စက်ယန္တရားများ၊ မော်တော်ယာဉ်များဖြင့် လဲကျနေသော သစ်ပင်များနှင့် အမှိုက်များ အပြီးသတ် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တပ်မမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြန်လည်ရှင်သန်နိုင်သော သစ်ပင်များကို ပြန်လည်ထူထောင် တည့်မတ်သွားရန်၊ သစ်ပင်နှင့် အမှိုက်များ ရှင်းလင်းမှုလုပ်ငန်းများကို အမြန်ဆုံး အပြီးသတ်ရှင်းလင်း ဆောင်ရွက်ရန်နှင့် ပြည်သူများအား ယခင်ကကဲ့သို့ အမှိုက်စနစ်တကျစွန့်ပစ်စေရေး အသိပညာပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာအတွင်းရှိ လမ်းများ၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် အောက်ရှိ တပ်ရင်းများမှ တပ်မတော်သားများက လဲကျနေသော သစ်ပင်များနှင့် အမှိုက်များ အပြီးသတ်ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တပ်မမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လဲကျနေသော သစ်ပင်များကို အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အောက်ရှိ တပ်ရင်းများနှင့် အင်းတိုင်တပ်နယ်မှ တပ်မတော်သားများက အပြီးသတ်ရှင်းလင်းနေမှုနှင့် မုန်တိုင်းဒဏ်ကြောင့် အမိုးများ ပျက်စီးနေသည့် စာသင်ဆောင်များအား အမိုးများပြန်မိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တပ်မမှူး ဗိုလ်မှူးချုပ်လှမင်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ကျောင်းအုပ်ကြီးတို့က လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျောင်းဖွင့်ချိန်အမီ စာသင်ဆောင်များအား အမိုးအကာများ ပြန်လည်ပြင်ဆင်ပြီးစီးရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်သာယာလှပစေရေးတို့ကို ကျောင်းမဖွင့်မီ အပြီးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက မုန်တိုင်းဒဏ်ကြောင့် ဆေးရုံအဆောက်အအုံများ ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

အလေးထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆေးရုံဝင်းအတွင်း၌ အင်းတိုင်တပ်နယ်မှ တပ်မတော်သားများက အပြီးသတ် ရှင်းလင်းနေမှုနှင့် ဆေးရုံပင်မအဆောက်အအုံအား အမိုးများ ပြန်လည်ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆေးရုံအဆောက်အအုံများ အမိုးအကာလုံခြုံရေး၊ ဆေးရုံသန့်ရှင်းသပ်ရပ်ရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သင်္ဃန်းကျွန်းမြို့နယ် ပေါ်ဆန်းမွှေးလမ်းတစ်လျှောက်၊ ပြည်သာယာလမ်းတစ်လျှောက်နှင့် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာဂေါက်ကွင်းရှေ့ရှိ ဂန္ဓမာလမ်းတစ်လျှောက်တို့၌ မော်ဘီတပ်နယ်နှင့် တိုက်ကြီး တပ်နယ်တို့မှ တပ်မတော်သားများက လဲကျနေသော သစ်ပင်များ အပြီးသတ်ရှင်းလင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

အလားတူ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်၊ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ တာမွေ၊ သင်္ဃန်းကျွန်းနှင့် တောင်ဥက္ကလာပမြို့နယ်များရှိ လမ်းမကြီးများ၌ လဲကျနေသော သစ်ပင်များနှင့် အမှိုက်များ အပြီးသတ် ရှင်းလင်းပြီးစီးနေမှုကြောင့် လမ်းများ သန့်ရှင်းသာယာလာမှုနှင့် ယာဉ်များပုံမှန်သွားလာနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် နိုင်ငံတော်အစိုးရ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ညီလာခံအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညီလာခံအပြီးတွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes၊ အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.George Yeo၊ အာဆီယံ အတွင်းရေးမှူးချုပ် Mr. Surin Pitsuwan နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့သည် ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပပြီး သတင်းစာဆရာများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသွားကြသည်။

(သတင်းစဉ်)

လက်ပံတန်းမြို့နယ်အသင်း (ရန်ကုန်) လေဘေးအတွက်ကူညီလှူဒါန်းမည်

ရန်ကုန် မေ ၂၅

မုန်တိုင်းဒဏ်ခံရသူများအား ကူညီပံ့ပိုးနိုင်ရေးအတွက် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)မှ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ရောက် လက်ပံတန်းမြို့နယ် အသင်းသူအသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများနှင့် အခြားပါဝင်လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများထည့်ဝင်လှူဒါန်းကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) နာယက ဗိုလ်မှူးကြီးအောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၂၊ ၅၆၃၅၃၀၊ ၀၉-၈၀-၂၂၄၈၈၊ အမှတ် ၂၁၇ တောင်ထိပ်ပန်းလမ်း ၂၉ရပ်ကွက် သုဝဏ္ဏမြို့သစ် သင်္ဃန်းကျွန်းမြို့နယ်နှင့် တွဲဖက်အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၆၆၇၇၉၀၊ ၀၉-၅၁-၂၈၈၅၉ အမှတ် ၈ ဘုရားလမ်း ၁၆ရပ်ကွက် လှိုင်မြို့နယ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များလှူဒါန်း

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်လဲ့လဲ့ကြည်တို့ ဦးဆောင်သော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ယနေ့နံနက်၁၀နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၁၇) ရပ်ကွက်၌ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆန်အိတ်၂၀ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ပုဇွန်တောင်မြို့နယ်တွင်ကျင်းပ

ရန်ကုန် မေ ၂၅

နိုင်ငံတော်သံဃနာယကအဖွဲ့မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ပုဇွန်တောင်မြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ အထက(၄) ပုဇွန်တောင်မြို့နယ်၌ မေ၂၅၊ ၂၆နှင့်၊ ၂၇ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

ရန်ကုန် မေ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၁၈ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ ကျင်းပသည့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် လေဘေးသင့်ပြည်သူများအတွက် Firefly Mission က ငွေကျပ် ၁၁၇ သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ Apex International ကုမ္ပဏီမှ ဦးအေးမောင်က ဆန်အိတ် ၁၀၀၊ စောင်အထည် ၅၀၀နှင့် စားသောက်ဖွယ်ရာများ၊ ရွှေသပြေကုမ္ပဏီမှ ဦးသိန်းဝင်းက ငွေကျပ် သိန်း ၅၀တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က လက်ခံကြသည်။

ညပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံမှ Dr. Prafull Mohan ဦးဆောင်သည့် အထူးကုဆရာဝန်များနှင့် ဆေးကုသရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအား အဝတ်အထည်၊ အစားအစာများ ပေးအပ်နေမှုနှင့် စခန်းသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ အားကစားကွင်း၌ တပ်မတော်ဆေးဘက်ဆိုင်ရာ အထူးကုဆရာဝန်များနှင့် သူနာပြုများ၏ ယာယီဆေးရုံဖွင့်လှစ်၍ လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

အားပေး

ဝန်ကြီးသည် မေ ၁၉ရက် နံနက်ပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယာယီလေဘေးသင့်ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား လူသုံးကုန်ပစ္စည်းများပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ ဖွဲ့နုဆီစက်ဆိပ်ကမ်း၌ ဒေသသို့ပြန်ကြမည့် လေဘေးသင့်ပြည်သူများအား နှုတ်ဆက် အားပေးစကားပြောကြားပြီး ရိက္ခာ နှစ်ပတ်စာ၊ မိုးရေကာ တာလပတ်စများ၊ မျောများ၊ ဓား၊ ပေါက်ပြား၊ ငမန်းလှေများ၊ ငါးဖမ်းပိုက်ကွန်များ၊ ရေသန့်များနှင့် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်သည်။

လှူဒါန်း

ဝန်ကြီးသည် မေ ၂၁ရက်တွင် ဘိုကလေးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် CIFG ကုမ္ပဏီမှ Mr. Lee က ငွေကျပ်သိန်း ၁၀၀၀၊ Asia World ကုမ္ပဏီမှ ဦးသက်နိုင်က ဆန်အိတ် ၂၀၀၊ စိန်သန်းဦးကုမ္ပဏီမှ ဦးစိန်သန်းဦးက ငွေကျပ်သိန်း ၃၀၀ နှင့် လုံချည်အထည် ၆၀၀၊ မာယာဟောင်ကောင်ကုမ္ပဏီမှ ငွေကျပ်သိန်း ၅၀၀၊ Ten Way ကုမ္ပဏီမှ ဦးအောင်ကျော်ဝင်းက ငွေကျပ်သိန်း ၁၀၀ နှင့် ဆန်အိတ် ၅၀၀၊ တင်မြင့်ရီ ကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၀၊ Win and Win ကုမ္ပဏီမှ ဦးဝင်းဆွေက ငွေကျပ်သိန်း ၁၅၀ နှင့် စားသောက်ဖွယ်ရာ ကျပ်သိန်း ၅၀ ဖိုး၊ ကယားအထူးဒေသ(၂)မှ ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ အဝတ်အထည်များ၊ မြက်ဖျာများနှင့် ခေါက်ဆွဲထုပ်များ၊ MKTI ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr.J.H Kim က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆန် ၅၀၃ အိတ်၊ ရေသန့်ဘူးများနှင့် အဝတ်အထည်များ လှူဒါန်းကြသည်။

ညပိုင်းတွင် အောင်ဆန်းဆရာတော်က ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံနှင့် တပ်မတော် ဆေးပညာရှင်များအတွက် ငွေကျပ် ၁၀ သိန်းစီနှင့် မဇ္ဈိမဂုဏ်ရည် ဆရာတော်က မြို့နယ်ပြည်သူ့ဆေးရုံနှင့် တပ်မတော် ဆေးပညာရှင်များအတွက် ငွေကျပ်သိန်း ၅၀ စီနှင့် ဆေးဝါး၊အဝတ်အထည်နှင့် ဖိနပ်များ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ဖိုး လှူဒါန်းကြသည်။

စစ်ဆေး

ဝန်ကြီးသည် မေ ၂၂ ရက် နံနက်ပိုင်းတွင် မြင်းကကုန်းကျေးရွာသို့ ရောက်ရှိပြီး လေဘေးကြောင့် အခြေခံပညာအထက်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံ ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ လေဘေးသင့်ကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။ အခမ်းအနားတွင် တာဝန်ရှိသူထံ MRT ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသန့်ဇင်က ငွေကျပ်သိန်း ၅၀၀တန်ဖိုးရှိ ဆန် ၂၇၅၄၂ အိတ်၊ တာပေါ်လင် ၅၄လိပ်၊ Legend International Development လီမိတက်နှင့် Taw Kan Trading တို့မှ Mr. Willion ၊ ဦးတင်မောင်ဝင်းနှင့် သူငယ်ချင်းများက ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ အသုံးအဆောင်ပစ္စည်းများ၊ ထိုင်းစဝပ်ကုမ္ပဏီမှ Mr. P.C Chang က အလှူငွေကျပ်သိန်း ၁၀၀၀၊ Toseva ကုမ္ပဏီမှ Mr. Jame က အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်

ဝန်ကြီးသည် မေ ၂၃ရက် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲကို တက်ရောက်အားပေးသည်။ အခမ်းအနားတွင် တာဝန်ရှိသူထံ သစ်အခြေခံစက်မှုလုပ်ငန်းရှင်များက အလှူငွေကျပ်သိန်း ၅၅၀ နှင့် 100 KVA မီးစက်တစ်လုံး၊ လှိုင်မိသားစုများက အလှူငွေကျပ် သုံးသိန်းတန်ဖိုးရှိစားသောက်ဖွယ်ရာများ၊ JLC ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့် ဇနီး ဒေါ်ထားကြူတို့က ငွေကျပ်သိန်း ၂၀၀၊ Alkemal Co., Ltd. မှ Mr. Charanjit Singh က ငွေကျပ်သိန်း ၂၀၀ အပါအဝင် JLC ကုမ္ပဏီနှင့် မိတ်ဆွေကုမ္ပဏီများက ငွေကျပ် ၈၄၂ သိန်း၊ ဇာနီဇော်ကုမ္ပဏီမှ ငွေကျပ်၁၅သိန်း ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်က လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများပေးပို့လှူဒါန်း

ရန်ကုန် မေ ၂၅

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလာဘင်အဗ္ဗဒူ(လ်) အာဇစ်အယ်လ်ဆော့(ဒ်)က ပေးပို့လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆော်ဒီအာရေဗျဘုရင်မင်းမြတ်ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E Mr. Turki Bin Naji Al Ali နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ထောက်ပံ့ရေးပစ္စည်း စာရင်းကို လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

လှည့်လည်ကြည့်ရှု

ယင်းနောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ ဆော်ဒီအာရေဗျနိုင်ငံမှ ပေးပို့လှူဒါန်းသော ပစ္စည်းများမှာ အစားအသောက်မျိုးစုံ၊ ပဲများ၊ စောင်များ၊ ပလတ်စတစ်လိပ်နှင့် ဆေးဝါးမျိုးစုံ စုစုပေါင်းတန်ချိန် ၇၃ဒသမ၀၄ တန် ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများကို လေယာဉ်လေးစင်းဖြင့် ဆက်လက်ထောက်ပံ့ပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၅

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ယူအေအီးနိုင်ငံ ဒူဘိုင်းအခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) မှ ပလတ်စတစ်လိပ် တန်၄၀သည့် DC-8 လေယာဉ်ဖြင့် ယနေ့ နံနက်၇နာရီ ၃မိနစ်တွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံမှ နေရောင်ခြည်သုံး မီးအိမ်များ၊ ရွက်ဖျင်တဲများ၊ အရေးပေါ်သုံး ကျန်းမာရေးပစ္စည်းများ၊ ခြင်ထောင်များ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းခုနစ်တန်ခန့်သည် A-310လေယာဉ်ဖြင့် နံနက်၇နာရီ၃၉မိနစ်တွင်လည်းကောင်း၊ မလေးရှားနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့(IFRC)မှ စောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တာပေါ်လင်များ စုစုပေါင်း ၃၈တန်ခန့်သည် IL-76 လေယာဉ်ဖြင့် နံနက်၈နာရီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ ရွက်ဖျင်တဲများ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ နိုက်ထရစ်အက်စစ်များ စုစုပေါင်း ၁၂ ဒသမ ၂၉ တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၉နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ အစားအစာမျိုးစုံ ၁၆၆၂ ပါကင် စုစုပေါင်း ၁၄ ဒသမ ၉တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၃၂မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ပလတ်စတစ်စများ၊ ရေဘူးခွံများ၊ ရေသန့်ဘူးများ၊ အစားအသောက်များ၊ တာပေါ်လင်များ၊ ကျန်းမာရေးသုံးပစ္စည်းများ စုစုပေါင်း ၅၆တန်ကျော်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၁၀ နာရီ ၅၂မိနစ်၊ မွန်းလွဲ ၁၂နာရီ ၅မိနစ်၊ မွန်းလွဲ ၁နာရီ ၅မိနစ်၊ မွန်းလွဲ ၂နာရီ ၅မိနစ်နှင့် မွန်းလွဲ ၂နာရီ ၄၉မိနစ် တို့တွင်လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံမှ အစားအစာများ၊ ဆေးဝါးများစုစုပေါင်း ၇၃တန်ကျော်သည် MD-11 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှ အားဖြည့်ခေါက်ဆွဲခြောက်များ စုစုပေါင်း ၂ဒသမ ၆၄တန်သည် AN-12 လေယာဉ်ဖြင့် ညနေ၅နာရီ ၁၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

အလားတူ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှမီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ တာပေါ်လင်များ စုစုပေါင်း ၂၄တန်ကျော်သည် AN-12 လေယာဉ် နှစ်စင်းဖြင့် မေ၂၄ရက် ညနေ ၅နာရီ ၃၈မိနစ်နှင့် ည၇နာရီ မိနစ်၂၀ တို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ဖြန့်ဝေပေးပို့

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

တရုတ်၌ ငလျင်ထပ်မံလှုပ်

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် အင်အားပြင်းငလျင် လှုပ်ခဲ့ပြီးနောက် မေ၂၅ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ ရှိသည့် ငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ကြောင်း တရုတ်မိုးလေဝသဗျူရိုမှ အရာရှိများက ပြောကြားသည်။

ငလျင်ထပ်မံလှုပ်

အဆိုပါ ငလျင်ထပ်မံလှုပ်မှုသည် ပေကျင်းမြို့ရှိ အဆောက်အအုံများပါ လှုပ်သွားခဲ့ကြောင်း၊ တစ်ဦးသေဆုံးပြီး ဒဏ်ရာရသူအချို့ရှိခဲ့ကြောင်း တရုတ်နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အင်အားပြင်းငလျင်

မေ ၁၂ ရက်က လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မေ ၂၅ ရက်အထိ သေဆုံးသူဦးရေမှာ ၉၀၀၀၀ ကျော်ရှိနေပြီး အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ကက်ဆယ်ရန်ကြိုးစားနေသော်လည်း မိုးရွာသွန်းနေမှုကြောင့် အခက်အခဲဖြစ်နေရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပါကစ္စတန်၌ မိုးရွာပြီးလေပြင်းတိုက် ၁၂ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ပက်ရှ်ဝါ မေ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စဝပ်တောင်ကြားဒေသတွင် မေ၂၅ရက်က လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ၁၂ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

နေအိမ်များပြိုလဲ

အဆိုပါဒေသတွင် မေ ၂၄ ရက်မှစတင်ကာ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းနေမှုကြောင့် အချို့နေရာများ၌ ရေလွှမ်းလျက်ရှိကြောင်း၊ အထူးသဖြင့် မက်ယန်မြို့တွင် နေအိမ်များပြိုလဲမှုဖြစ်ပွားခဲ့ကြောင်း ၄င်းတို့က ပြောကြားသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရုံးပတီသီးစားသုံးခြင်းဖြင့် အသည်းရောဂါဖြစ်ပွားမှုနည်းပါးနိုင်

လူ့ကျန်းမာရေးကို အကျိုးပြုသော ဟင်းသီးဟင်းရွက်များတွင် ရုံးပတီသီးလည်း ပါဝင်သည်။ ရုံးပတီသီးကို ကမ္ဘာ့နိုင်ငံအများအပြား၌ စားသုံးကြပြီး ကျန်းမာရေးကို အထောက်အကူပြုသဖြင့် အလေးထားစားသုံးလေ့ရှိသည်။

ပါဝင်

ရုံးပတီသီးတွင် ဗီတာမင်အေ၊ ဗီတာမင်စီ၊ ပိုတက်ဆီယမ်နှင့် အမျှင်ဓာတ်တို့ ပေါကြွယ်ဝစွာပါဝင်သည်။ ရုံးပတီသီးကို သီတင်းတစ်ပတ်လျှင် လေးကြိမ်ခန့် စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ကြွက်သားများနှင့် နှာဗ်ကြောများ သန်မာစေသည့်အပြင် ဦးနှောက်အာရုံကြောများ လန်းဆန်းစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ထို့အပြင် ရုံးပတီသီးတွင် ပါဝင်သော ဓာတ်ပေါင်းများကြောင့် သွေးပေါင်ချိန်မြင့်မှုကို လျှော့ကျစေပြီး ခန္ဓာကိုယ်အတွင်းရှိ ကိုလက်စထရောများနေမှုကိုလည်း ကျဆင်းစေကြောင်း ၄င်းတို့က ဆိုသည်။

နည်းပါး

တစ်ဖန် ရုံးပတီသီးကို ပုံမှန်စားသုံးသူများအား စနစ်တကျသုတေသနပြုလေ့လာခဲ့ရာ အဆိုပါလူများသည် အသည်းအဆီဖုံးခြင်းနှင့် အသည်းရောဂါများဖြစ်ပွားမှုနည်းပါးသည်ကိုတွေ့ရကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်နေမှုများ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများသို့သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုနှင့်ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် အောင်ဆန်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပုံနှိပ်စက်ရုံ ဂိုဒေါင်များတွင် မုန်တိုင်းဒဏ်ကြောင့် အမိုးများပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အလားတူ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၂ရက် နံနက်ပိုင်းက ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံများ ပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်း

ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၃ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (ဇာတ်လမ်းရုပ်ရှင်) သို့ သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးနေသော အဆောက်အအုံများ ပြုပြင်နေမှု၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ New Light of Myanmar သတင်းစာတိုက်သို့ရောက်ရှိပြီး အမိုးအကာများ ပြန်လည်ပြုပြင်ထားရှိမှုနှင့် သတင်းစာများ နေ့စဉ်ပုံမှန်ထုတ်ဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဗိုလ်တထောင်မြို့နယ် ဆိပ်ကမ်းဂိုဒေါင်အမှတ် (စျ-၁)နှင့်(စျ-၂)တို့တွင် သတင်းစာစက္ကူလိပ်များ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် သတင်းစာတိုက်ရှိ အဆောက်အအုံအချို့ ချွတ်ယွင်းပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင်ထားရှိမှု၊ နေ့စဉ်သတင်းစာများ ပုံမှန်ထုတ်ဝေနေမှု အခြေအနေများကိုလည်းကောင်း၊ ဗဟန်းမြို့နယ်ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုသိုလစ်သို ပုံနှိပ်စက်ရုံတွင် စက်ရုံနှင့်ဂိုဒေါင်အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးသည် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းများ၏ ဂိုဒေါင်များ ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အဖွဲ့များဖွဲ့စည်း၍ စနစ်တကျ ကြပ်မတ်ပြုပြင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံများ ပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

Jewellery Luck Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်နှင့်ဇနီး ဒေါ်အားကြူတို့က ငွေကျပ်သိန်း ၂၀၀ကို ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းထံ ပေးအပ်လှူဒါန်းစဉ်။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၅-၂၀၀၈
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၅၀ ၄။ အကပဒေသာ
၈း၀၀ ၅။ တေးဂီတအစီအစဉ်
၈း၃၀ ၆။ International News
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၂၀ ၂။ တေးဂီတအစီအစဉ်
၄း၃၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၄၀ ၄။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၀၀ ၆။ တေးဂီတအစီအစဉ်
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၅ ၈။ စက်မှုတပ်ဆင် လုပ်ငန်းတွင်
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၅ ၁၃။ ကြေးမုံရိပ်သွင် တေးနုယဉ်
၇း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်-ချစ်တယ်** (အပိုင်း-၂၂)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **စံပျော်ရစ်စေ** (အပိုင်း-၁) လူမင်း၊ သူထူးစံ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ဟိန်းစိုး)
၁၉။ အစီအစဉ်ပြီး၏။

ဘိုကလေးနှင့်ဖျာပုံမြို့၌ လေဘေးသင့်ပြည်သူများအား အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၅

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့မှ မုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် Jewellery Luck Co., Ltd.(JLC) မိသားစုနှင့် မိတ်ဆွေလုပ်ငန်းရှင်များက မေ ၂၃ရက်က ဘိုကလေးမြို့နှင့် ဖျာပုံမြို့သို့ သွားရောက်၍ အလှူငွေများ လှူဒါန်းကြသည်။

စုပေါင်းလှူဒါန်း

ဘိုကလေးမြို့၌ JLC Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်-ဒေါ်အားကြူနှင့် ALKEMAL Co., Ltd. လုပ်ငန်းရှင် Mr. Charanjit Singh တို့က ငွေကျပ်သိန်း ၂၀၀စီ၊ ဦးမျိုးလွင်ဦး-ဒေါ်ဇာဇာဝင်း (လှနန်းသူဇာသဘော်)နှင့် Mr.Fu Xiang Mao ဇနီး Ms. Su Ya Li (Mao Ye Muni Co., Ltd.) တို့က ငွေကျပ်သိန်း ၃၀စီ၊ ဦးသောင်းထိုက်မင်း-ဒေါ်လွင်လွင်မော် (JLC Co.,Ltd.) က ငွေကျပ် ၂၅သိန်း၊ (JLC Co.,Ltd.)မှ ဖြစ်ကြသော ဦးစိုးအောင်သန်း-ဒေါ်လင်တီ၊ ဦးတင်ညွှန့်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးစိန်ဝင်း-ဒေါ်ခင်ညိုဝင်း၊ Mr. Kumar၊ Mrvishal (Fast Rise Trading Co., Ltd.) တို့က ငွေကျပ်သိန်း ၂၀စီ၊ ဦးလှိုင်ယုံဟုမ်း၊ ဦးကျန်ဝေက ငွေကျပ် ၁၅သိန်း၊ ဦးသန်းလှ-ဒေါ်ထက်ထက်က ငွေကျပ် ၁၅သိန်း၊ ဦးကိုကြီး(Global Veneer Co., Ltd.)၊ ဦးစိုင်းခင်အောင်-ဒေါ်ဆွေဆွေသန်း (K.K.A Co., Ltd.)၊ JLC Co., Ltd. မှဖြစ်ကြသော ဦးအေးထွန်းရွှေ-ဒေါ်ခင်မွေး၊ ဦးလင်းထွေး၊ ဦးထွန်းနိုင်ဦး-ဒေါ်သီရိထွန်း၊ Mr. Xu Yang-ဒေါ်စိုးစိုး၊ ဦးထွန်းထွန်းတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးအောင်ကြည်စိန် -ဒေါ်သီတာမြင့်၊ ဦးစိုင်းခမ်းလှိုင်၊ ဦးကိုကိုအောင်ဌေး-ဒေါ်ချမ်းမြဝင်းတို့က ငွေကျပ်ခုနစ်သိန်းစီ၊ ဦးမိုးကျော်သူ-ဒေါ်စောနန်းယုက ငွေကျပ် ခြောက်သိန်း၊ ဦးအောင်မျိုး (Mogkok Pride Co., Ltd.)၊ ဦးကျော်ကျော် (ကျော်အထပ်သားဆိုင်)၊ JLC Co.,Ltd မှဖြစ်ကြသော ဦးသန်းထွန်း-ဒေါ်ခင်မြတ်မွန်၊ ဦးမင်းမျိုးသန့်-ဒေါ်အိရွှေစင်၊ ဦးနိုင်နိုင်လင်း-ဒေါ်လှလှရွှေ၊ ဦးဝေဟင်ကော-ဒေါ်ရမ်ဆွေဖန်း၊ ဦးမြင့်ယုံ-ဒေါ်နေလျှံတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးခင်မောင်လင်း (ပခုက္ကူမော်တော်ယာဉ်) က ငွေကျပ် သုံးသိန်း၊ ဦးတင်ဝင်း(သိဒ္ဓိအောင်အထပ်သားဆိုင်)၊ ဦးတင်အေး(အထပ်သားဆိုင်)၊ ဒေါ်ရှောက်ဖိန်(JLC)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါက်တာဂျော့(ရှ်)စိုးဝင်း (JLC)၊ ဦးထွန်းကြိုင်(အိုကေစက်သုံးဆီဆိုင်)၊ ဦးကိုကြီး(မော်တော်ယာဉ်လုပ်ငန်း)၊ ဒေါ်သန်းသန်း(JLC)၊ ဒေါ်အေးအေးစန်း (သုခအထပ်သားဆိုင်)၊ ဦးမရမ်းသီး(သိဒ္ဓိရှင်အထပ်သားဆိုင်)တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကြည်ဝင်း(JLC)၊ ဦးဝင်းလွင်(JLC)၊ ဦးသောင်းဝင်း(မြန်မာဖွဲ့သဘော်)၊ ဦးနှင်းဝေ (Boilorတပ်ဆင်ရေး)၊ ဦးသိန်းဌေး(စက်မှုလက်မှုလုပ်ငန်း)၊ ဦးဝင်းမြင့်(ရွှေမေတ္တာကားဂိတ်)တို့က ငွေကျပ် ၅၀၀၀၀စီ၊ ဒေါ်မြမြ (ငြိမ်းချမ်းအထပ်သားဆိုင်) က ငွေကျပ် ၂၅၀၀၀၊ JLC Co.,Ltd. မှဖြစ်ကြသော မန္တလေးအထပ်သားစက်ရုံ ဝန်ထမ်းများက ငွေကျပ် ၂၈၅၉၇၅၀၊ ရွှေပြည်အေးသစ်ထုတ်လုပ်ရေးဝန်ထမ်းများက ငွေကျပ် ၁၂၁၃၀၀၀၊ ကျောက်ဆည်သစ်အချောထည်စက်ရုံ ဝန်ထမ်းများက ငွေကျပ် ၁၁၃၆၀၀၀၊ Timber Trading Branch ဝန်ထမ်းများက ငွေကျပ် ၅၈၇၅၀၀၊ မုံရွာ သစ်အချောထည်စက်ရုံ ဝန်ထမ်းများက ငွေကျပ် ၅၅၅၀၀၀၊ Penan Bag Factory ဝန်ထမ်းများက ငွေကျပ် ၇၂၄၀၀၊ Export/Import Branch ဝန်ထမ်းများက ငွေကျပ် ၃၄၀၀၀၀ ၊ Finance Dept; ဝန်ထမ်းများက ငွေကျပ် ၃၃၀၀၀၀၊ Singapore Branch ဝန်ထမ်းများက ငွေကျပ် ၃၀၀၀၀၀၊ IT Dept; ဝန်ထမ်းများက ငွေကျပ် ၂၇၅၀၀၀၊ Cash Dept; ဝန်ထမ်းများက ငွေကျပ် ၁၄၁၅၀၀၊ Sales & Marketing၊ Travels & Tour Logistic၊ Audit Dept; တို့မှ ဝန်ထမ်းများက ငွေကျပ် ၁၆၂၀၀၀ စုစုပေါင်း ငွေကျပ် ၈၂၄၉၇၁၅၀ကို လှူဒါန်းရာ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံရယူပြီး သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေးချီးမြှင့်သည်။

လက်ခံရယူ

ထို့နောက် ဖျာပုံမြို့နယ်အတွင်း မုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် ဦးအေးကိုနှင့်ဇနီးဒေါ်နန်းမြင့်မြင့်စိုး(ဟိုတယ်မန္တလေး)က ငွေကျပ်သိန်း၅၀၊ ဦးကြည်ဝင်း-ဒေါ်တင်တင်ရီ (Summer Palace Hotel) က ငွေကျပ် ၁၂သိန်း၊ ဒေါ်နန်းဖောင်(Goden City Crown Hotel)က ငွေကျပ်ရှစ်သိန်း၊ Olympic Hotel ဝန်ထမ်းများက ငွေကျပ်၁၃၈၇၀၀၀၊ Goal Hotelဝန်ထမ်းများက ငွေကျပ် ၇၁၂၅၀၀၊ City Golf Resort Hotel ဝန်ထမ်းများက ငွေကျပ်၁၅၂၄၀၀၀၊ Summer Palace Hotel ဝန်ထမ်းများကငွေကျပ် ၁၆၅၂၀၀၀၊ Hotel Mandalay ဝန်ထမ်းများက ငွေကျပ် ၆၆၇၅၀၀၊ The Prince Hotel ဝန်ထမ်းများက ငွေကျပ်၇၇၈၁၀၀၊ Golden City Crown Hotel ဝန်ထမ်းများက ငွေကျပ် ၄၈၉၀၀၀၊ ဦးစိုင်းအောင်သန်း-ဒေါ်လင်တီ(JLC)က ငွေကျပ် ငါးသိန်း၊ Mr. Fu Xiang Mao (Mao Ye Muni Co.,Ltd.)က ငွေကျပ် နှစ်သိန်း၊ Mr. Liu Young Hong၊ မမိုးမိုး၊ ဒေါက်တာဂျော့(ရှ်)စိုးဝင်းတို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်းငွေကျပ် ၁၅၂၁၀၁၀၀နှင့် အဝတ်အထည်၊ ဆေးဝါးမျိုးစုံတို့ကိုလှူဒါန်းရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လက်ခံရယူသည်။

Jewellery Luck Co.,Ltd.မှ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် ယနေ့အထိ ဆန်၊ ဆေးမျိုးစုံ၊ သင်္ကန်း၊ အဝတ်အထည်များ၏တန်ဖိုးနှင့် အလှူငွေ စုစုပေါင်းငွေကျပ် ၁၉၅၉၀၇၂၅၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၅

လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ ယနေ့လာရောက်လှူဒါန်းကြသည့် အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

ယနေ့လှူဒါန်းကြသည့်အလှူရှင်များမှာ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)နှင့် ဒေါ်တင်တင်ဦးက ငွေကျပ် တစ်သိန်း၊ ကွယ်လွန်သူဖခင်အား ရည်စူး၍ ဇနီး ဒေါ်ကြည်၊ သား မောင်အုန်းမောင်၊ သမီး မအေးမြင့်၊ မအေးသန်း၊ မအေးလှ၊ မချိုချိုအေးတို့က ငွေကျပ်ခြောက်သောင်း၊ ဦးထင်အောင်နှင့်ဒေါ်ဖြူဖြူသင်း မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးသန်းထိုက်က ငွေကျပ် တစ်သိန်း၊ ဒေါက်တာ ကျော်ကျော်နှင့် ဒေါ်စောမာလာရီ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်ဝင်းနှင့် ဒေါ်ကေသီ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းလွင် (အတိုင်ပင်ခံပုဂ္ဂိုလ်၊ ကမ္ဘောဇဘဏ်)နှင့် ဒေါ်မြင့်မြင့်သန်းက ငွေကျပ် သုံးသိန်း၊ ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဦးရွှေလျောင်နှင့် ဒေါ်ငွေဘော်၊ ညီမများဖြစ်သော ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အားရည်စူး၍ ဒေါ်ကျင်မြက ငွေကျပ် သိန်း၂၀၊ ရွှေတောင်ကြား(၁)နေ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း)နှင့် ဇနီးဒေါ်တင်တင်အေး၊ သားသမီးမြေးတစ်စုက ငွေကျပ် နှစ်သိန်းနှင့် ရွှေတောင်ကြား(၁)နေ ဒေါ်မြင့်မြင့်အေးက ငွေကျပ်နှစ်သိန်းတို့ဖြစ်ပြီး လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်၃၁သိန်း ကိုးသောင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေငလျင်သတင်း

(မြန်မာစံတော်ချိန် ညနေ ၄နာရီခွဲ ထုတ်ပြန်ချက်)

၂၀၀၈ခုနှစ် မေ ၂၅ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီ ၅၈မိနစ် ၃၄စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၁၂၀၀ ခန့်ကွာဝေးသောနေရာ(တရုတ်ပြည်သူ့သမ္မတနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၈အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင် တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ ပြန်လည်တည်ဆောက်ရေးမှတ်တမ်းမြင်ကွင်း

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ-ပါစီ(သတင်းစဉ်)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

> "ကျွန်မ ဒီရွာမှာ တာဝန်ထမ်းဆောင်ခဲ့တာ ၁၃နှစ် ရှိပါပြီ၊ အခု မုန်တိုင်းဒဏ် ခံရပြီးတော့ ဆေးခန်းမှာ တစ်နေ့ကို လူနာ၂၀ နဲ့ ၅၀ ကြား လာပြကြပါတယ်"
>
> သူနာပြုဆရာမကြီး ဒေါ်နော်မာတင်
> ဘီတွတ်ကျေးရွာဆေးခန်း

ရန်ကုန် မေ ၂၅

မိမိတို့ သတင်းအဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညာစွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နေမှုကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဘီတွတ်ကျေးရွာသို့ မေ ၂၄ရက် နံနက်စောစောတွင် ထွက်ခွာခဲ့ကြသည်။

အန်တုဖြတ်သန်း

မိမိတို့ စီးနင်းလိုက်ပါလာသော စက်တပ်ပဲ့ထောင်လှေလေးသည် မြစ်ကြီးငါးသွယ်ထဲမှ ရွှေးမြစ်နှင့် ပြန်မလော့မြစ်ကို အန်တုဖြတ်သန်း၍ ခုတ်မောင်းနေသည်။ နေသာ၍ လှိုင်းငြိမ်သောကြောင့် မြစ်ကြောင်းတစ်လျှောက် သာသာယာယာ ရှိလှပေသည်။

ဘီတွတ်ကျေးရွာသို့ ရောက်သော် ကျေးရွာသုံး သောက်ရေကန်မှ ရေငန်များကို ရေစုပ်စက်များဖြင့် စုပ်ထုတ်နေသည့်မြင်ကွင်းနှင့် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အမိုးများပြုပြင်နေမှု မြင်ကွင်းတို့က ဆီးကြိုနေသည်။

ဝိုင်းဝန်းကူညီ

ဘီတွတ်ကျေးရွာ၏ ရပ်ရေး၊ ရွာရေးများကို ကူညီပေးနေသည့် အဖွဲ့မှ ဘီတွတ်ကျေးရွာသား ကိုဆင်ပေါက်က "တည်ဆောက်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ လူငယ်တွေအများစုအပါအဝင် စုစုပေါင်း ၁၃၀ရှိပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ "မုန်တိုင်းတိုက်ပြီးချိန်မှာပဲ လေဘေးသင့် ပြည်သူတွေကို ကျွန်တော်တို့ ရှေးဦးစောင့်ရှောက်ထားပြီးမှ လေဘေးကယ်ဆယ်ရေးစခန်းတွေ အရောက် ပို့ပေးပါတယ်။ ဆုံးသွားကြတဲ့ သူတွေရဲ့ ရုပ်အလောင်းတွေကိုလည်း စနစ်တကျ မြေတူးမြှုပ်နှံပေးနေပါတယ်"ဟု ပြောပြသည်။

ကန်သန့်ရှင်းရေး

"ကျွန်တော်တို့အဖွဲ့က မြို့ သောက်သုံးရေ ရေရှည်ရရှိဖို့အတွက် အခုမြင်တဲ့အတိုင်း ရေငန်တွေကို ရေစုပ်စက်နဲ့ စုပ်ထုတ်ပြီးရင် ကန်သန့်ရှင်းရေးလုပ်၊ ထုံးဖြူး၊ ကလိုရင်းဆေးခတ်တာတွေကို မိုးအမီ လုပ်ဆောင်သွားပါမယ်"ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ပြန်လည် မွမ်းမံတည်ဆောက်လျက်ရှိသော အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ဆရာမတစ်ဦးက "နိုင်ငံတော်နဲ့ ကုမ္ပဏီ အလှူရှင်များက ယခုနှစ် ကျောင်းဖွင့်ရာသီအမီ ပြီးစီးရေးအတွက် ဆောက်လုပ်ရေးပစ္စည်းတွေ ထုတ်ပေးလို့ အခုလို ပြန်တည်ဆောက်နိုင်တာ ဖြစ်ပါတယ်။ ဒီမှာ ကျောင်းသားဦးရေ ငါးထောင်နီးပါးရှိပါတယ်"ဟု ရှင်းပြသည်။

ဘီတွတ်ကျေးရွာ အလယ်တန်းကျောင်းအမိုးကို ကျောင်းဖွင့်ရာသီအမီ ပြုပြင်လျက်ရှိသည်။

ဘီတွတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းကို တွေ့ရစဉ်။

ကိုဆင်ပေါက်က "ကျေးရွာဆေးခန်းနဲ့ ရုံးတွေကိုလည်း ပြန်မိုးဖို့ သွပ်တွေရောက်လာလို့ အခုဆို တချို့ အဆောက်အအုံတွေ သွပ်မိုးနေကြပါပြီ" ဟု ဖြည့်စွက်ရှင်းပြသည်။

ကျန်းမာရေးစောင့်ရှောက်

ကျေးရွာ၏ ကျန်းမာရေးနှင့်ပတ်သက်၍မူ ကျေးရွာဆေးခန်းအပြင် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့များက ကျေးရွာအလိုက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည်။

ကျေးရွာဆေးခန်းမှ သူနာပြုဆရာမကြီး ဒေါ်နော်မာတင်က "ကျွန်မ ဒီရွာမှာ တာဝန်ထမ်းဆောင်ခဲ့တာ ၁၃နှစ် ရှိပါပြီ၊ အခု မုန်တိုင်းဒဏ်ခံရပြီးတော့ ဆေးခန်းမှာ တစ်နေ့ကို လူနာ၂၀ နဲ့ ၅၀ ကြား လာပြကြပါတယ်။ အဖြစ်များတဲ့ ရောဂါတွေကတော့ ထိခိုက်ဒဏ်ရာရမှုတွေ၊ ကိုယ်ပူတာတွေ၊ ချောင်းဆိုးတာတွေ များပါတယ်။ ဝမ်းပျက်ရောဂါသည် တချို့ကိုလည်း ကုသပေးခဲ့ရပါတယ်။ ဆေးခန်းမှာ ကျန်းမာရေးမှူးတစ်ဦးနှင့် သားဖွားဆရာမတို့လည်း ရှိပါတယ်"ဟု ရှင်းပြသည်။

နေ့စဉ်ပေးပို့

ယင်းနောက် မိမိတို့ သတင်းအဖွဲ့ဝင်များသည် ကျေးရွာအုပ်စု ငါးအုပ်စုမှ လူဦးရေ ၃၆၈၇၄ဦးအား နေ့စဉ်ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးနေမှုကို ဆက်လက်ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ခံဗိုလ်ကြီး အောင်ဇော်ထွန်းက "ထောက်ပံ့ရေးပစ္စည်းတွေ ရောက်တာနဲ့ အမြန်ဆုံးဖြန့်ခွဲ ပေးဝေလျက်ရှိပါတယ်။ ကျေးရွာမှာရှိတဲ့ ရဟန်းသံဃာတော်တွေကိုလည်း သင်္ကန်းအပါအဝင် သီးခြား ထောက်ပံ့လှူဒါန်းလျက်ရှိပါတယ်။ လေဘေးသင့်ပြည်သူတွေအတွက် ထောက်ပံ့ပေးထားတဲ့ ပစ္စည်းတွေက အမယ်မျိုးစုံဖြစ်ပါတယ်။ နိုင်ငံတကာ မိုးကာတဲတွေ၊ ရေစုပ်စက်တွေ၊ ဒီဇယ်ဆီများနှင့် စက်မောင်းဆီ၊ မီးစက်၊

ပေါက်ပြား၊ သွပ်၊ သွပ်ရိုက်သံ၊အိမ်ရိုက်သံ၊ ရေပုံး၊ ဒန်အိုး၊ ပန်းကန်လုံး၊ ပန်းကန်ပြား၊ စောင်၊ ခြင်ထောင်၊ ဘေထုပ်၊ ပုဆိုးထုပ်၊ တာပေါ်လင်စစ်စိမ်း၊ ခေါင်မိုးဖျင်လိပ်၊ ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်ဥ၊ ငါးသေတ္တာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆား၊ ငါးပိကြော်၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံ၊ ထန်းလျက်၊ ဘီစကွတ်၊ ကော်ဖီမစ်၊ ပြေအောင် တစ်ပတ်စာ တစ်ခါတည်း ထုတ်ပေးထားပါတယ်။ စာရင်းဇယားတွေကိုလည်း အထက်အဖွဲ့အစည်း အဆင့်ဆင့်ကို အချိန်နှင့်တစ်ပြေးညီ နေ့စဉ် ပေးပို့လျက်ရှိပါတယ်"ဟု ပြောကြားသည်။

တစ်ဆက်တည်းမှာပင် "ပစ္စည်းတွေက စုံသလားမမေးနဲ့ဗျာ၊ ချိုလိမ်ဘူးနဲ့ ကွေကာအုပ်၊ နို့စိမ်း၊ အိန္ဒိယနို့အေး၊ ရေသန့်အပါအဝင် ထောက်ပံ့ရေးပစ္စည်းအစုံကို နေ့စဉ်ထုတ်ပေးပါတယ်။ အခု နောက်ပိုင်း သွားရေးလာရေး အဆင်ခြင်ရိုက်တံတောင် ပါသေးတယ်"ဟု ရယ်ရယ်မောမောဖြင့် ရှင်းပြပါသည်။

လေဘေးသင့် ပြည်သူများအတွက် ရိက္ခာများ၊ ထောက်ပံ့ရေးပစ္စည်းများကို နေ့စဉ်ဖြန့်ဝေပေးရန် ဤသို့ စီစဉ်ရသည်။

ကျေးရွာသုံး ရေကန်မှ ဆားငန်ရေများကို ရေစုပ်စက်များဖြင့် အဆက်မပြတ် ဤသို့စုပ်ထုတ်ပေးရသည်။

အထောက်အကူပြု

မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ပါဝင်ရာ မြစ်ဝကျွန်းပေါ် တိုင်းဌာနီ ဧရာဝတီသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုသည့် တိုင်းကြီးများအနက် တစ်တိုင်းအဖြစ် ရှေ့တန်းက ပါဝင်သည်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အရှိန်ရလာသည်နှင့်အမျှ ဧရာဝတီသည် နောက်သို့ ပြန်လှည့်စီးဆင်းဖွယ်ရာ အကြောင်းမရှိပေ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဧရာဝတီသားတို့၏ စွမ်းပကား၊ ခွဲ၊ စိတ်ဓာတ်အားမာန်တို့ဖြင့် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် မြန်မာ့ရိုးရာလှေသဘင်ပွဲတော်ဝင် ဧရာဝတီသားတို့၏ ဆောင်ပုဒ်အတိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် "ဧရာဝတီနိုင်ရမည်"ဟုသာ ဆိုချင်ပါတော့သည်။ ။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် နှင့် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲ ကမကထပြုသော နိုင်ငံတကာမှ ငွေကြေး အကူအညီများနှင့် အခြား အကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံသို့ တက်ရောက် လာကြသည့် ပုဂ္ဂိုလ်များ ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ထိခိုက်ဆုံးရှုံး ရသူများအား အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ခေတ္တငြိမ်သက်၍ နေကြစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ နိုင်ငံတကာ အလှူရှင်များမှ လှူဒါန်းမည့် ပမာဏကို ကတိကဝတ်ပြုကြမည့် ညီလာခံကိုတက်ရောက်ခဲ့ကြတဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့်တကွ အာဆီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၊ အလှူရှင်နိုင်ငံများမှ ဝန်ကြီးများနဲ့ ကိုယ်စားလှယ်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါတယ်။

အင်အားပြင်းထန်

မြန်မာနိုင်ငံမှာ မေလ ၂ရက်နေ့နှင့် ၃ရက်နေ့များတွင် ကျရောက်ခဲ့တဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းမှာ မကြုံတွေ့ဖူးတဲ့ အလွန်အင်အားပြင်းထန်တဲ့ မုန်တိုင်းဖြစ်ပါတယ်။ မုန်တိုင်းရဲ့ အချင်းဝက်ဟာ မိုင် ၂၀၀ ခန့်ရှိပြီး မုန်တိုင်းဗဟိုရဲ့ လေတိုက်နှုန်းဟာ တစ်နာရီ မိုင် ၁၂၀မှ မိုင်၁၅၀ခန့်အထိရှိပါတယ်။ မုန်တိုင်းနှင့်အတူ ၇ပေမှ ၁၂ပေခန့်မြင့်တဲ့ ဒီလှိုင်းကြီးများလည်း တက်လာပါတယ်။

ဒါကြောင့် မုန်တိုင်းဦးတည်တိုက်ခတ်သွားတဲ့ ဧရာဝတီတိုင်းမှ မြို့နယ် ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ် ၄၀တို့ဟာ ဒီမုန်တိုင်းရဲ့ဒဏ်ကို အပြင်းအထန်ခံခဲ့ရပါတယ်။ မုန်တိုင်းဒဏ်ကြောင့် လူနေအိမ်ခြေအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒီလှိုင်းကြီးများ ဖုံးလွှမ်းသွားခြင်းကြောင့် လူ၊ တိရစ္ဆာန်စသည်တို့ သေကျေပျက်စီးမှု များပြားခဲ့ရခြင်းဖြစ်ပါတယ်။ တချို့ကျေးရွာများနှင့် လယ်တဲများဟာ လုံးဝကွယ်ပျောက်သွားခဲ့ပါတယ်။

ကြီးမားစွာဆုံးရှုံး

ကျွန်တော်တို့ ကောက်ခံရရှိပြီး စာရင်းများအရ လူသေဆုံးမှု ၇၇၇၃၈ဦး၊ ပျောက်ဆုံးနေဆဲ ၅၅၉၁၇ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၁၉၃၅၉ဦးရှိပြီး ပစ္စည်းဥစ္စာများ ကြီးမားစွာ ဆုံးရှုံးမှုဖြစ်ခဲ့ပါတယ်။ ဒီမုန်တိုင်းနဲ့ပတ်သက်တဲ့ အခြေအနေအသေးစိတ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဦးစိုးသာက ရှင်းလင်းပြောကြားမှာဖြစ်လို့ ကျွန်တော့်အနေနှင့် အသေးစိတ်ပြောကြားခြင်း မပြုတော့ပါ။

ရေနှင့်ရိက္ခာများဖြန့်ဝေ

မုန်တိုင်းတိုက်ခတ်ခဲ့တဲ့ မေလ ၃ရက်နေ့မှာပင် ကျွန်တော်ဦးဆောင်တဲ့ အစိုးရအဖွဲ့ ဝန်ကြီးများသည် အရေးပေါ်အစည်းအဝေး ချက်ချင်းပြုလုပ်ပြီး မုန်တိုင်းတိုက်ခတ်ရာဒေသသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမြန်ဆုံး ထွက်ခွာခဲ့ပါတယ်။ မေလ ၄ရက်နေ့မှာ မုန်တိုင်းဗဟိုချက် ကျရောက်ခဲ့တဲ့ မြို့နယ်တွေမှာ ဝန်ကြီးများကိုယ်တိုင် ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ အိုးမဲ့အိမ်မဲ့ ပြည်သူများကို ကယ်ထုတ်နိုင်ခဲ့ပြီး နောက်တန်းစခန်း၄၁ခု၊ အလယ်တန်းစခန်း ၁၅ခုနှင့် ရှေ့တန်းစခန်း ၁၂ခုတို့မှာ အိုးမဲ့အိမ်မဲ့ ပြည်သူ ၁၀၆၄၆၂၃ခန့်ကို ရွှေ့ပြောင်း နေရာချပေးထားနိုင်ခဲ့ပါတယ်။ တချို့ကျေးရွာများကိုလည်း စက်လှေ၊ ရဟတ်ယာဉ်များဖြင့် ရေနှင့်ရိက္ခာများ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ပို့ဆောင်ပေး

ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ အတော်အသင့် ဆောင်ရွက်ပြီးဖြစ်၍ အသက်ရှင်ကျန်ရစ်သူများ ဆက်လက်ရှင်သန်နိုင်ရန် အစားအစာ၊ ရေ၊ ရိက္ခာ၊ အဝတ်အထည်နှင့် နေရာထိုင်ခင်းများပေးပြီး ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပြည်တွင်းပြည်ပမှ စေတနာရှင်များရဲ့ လှူဒါန်းမှုပမာဏ များပြားလှပါတယ်။ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ လေယာဉ်စင်းရေ အခေါက်၂၂၀ ဖြင့် ပစ္စည်းတန်ချိန် ၃၂၇၃ ဒသမ ၂၀ကို ယနေ့အထိ ပေးပို့လှူဒါန်းကြတဲ့အတွက် အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများကို အထူးပင်ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ လှူဒါန်းတဲ့ပစ္စည်းများကိုလည်း ဒုက္ခသည်များထံသို့အရောက် စက်လှေ၊ သင်္ဘော၊ ရဟတ်ယာဉ်တို့ဖြင့် ချက်ချင်းဖြန့်ဝေပို့ဆောင်ပေးခဲ့ပါတယ်။

စီမံဆောင်ရွက်

ဒုက္ခသည်များမှာ စားရေးနှင့်ဝတ်ရေးအတွက် အဆင်ပြေမှုရှိသော်လည်း လောလောဆယ်ပြဿနာမှာ မုတ်သုံမိုးရာသီ ရောက်လာပြီဖြစ်၍ လုပ်ငန်းခွင်ပြန်ဝင်နိုင်ရန် အမိုးအကာအောက်မှာ ထားရှိနိုင်ရေးအတွက် တဲများအလျင်အမြန်ဆောက်လုပ်ပေးနေပါတယ်။ ပြည်တွင်းမှရနိုင်သည့် သစ်ဝါးများဖြင့် တဲဆောက်ပြီး တာပေါ်လင်၊ ပလတ်စတစ်စများဖြင့် ယာယီ မိုးကာပေးထားပါတယ်။ ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့် မိုးကာတဲများ၊ တာပေါ်လင်စများ၊ ပလတ်စတစ်လိပ်များဖြင့် အမိုးအကာများကို စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

အရေးပေါ်ကယ်ဆယ်ရေး

ကယ်ဆယ်၊ကူညီ၊စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ကနဦးချက်ချင်း ကျပ်ငွေ ငါးဘီလီယံသုံးစွဲခဲ့ပြီး ယခုအချိန်အထိ ကျပ်ငွေ၇၀ဘီလီယံခန့် သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ ကုလသမဂ္ဂနှင့်ယင်း၏ အေဂျင်စီများကလည်း အရေးပေါ်ကယ်ဆယ်ရေးနှင့် ကူညီရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဆောလျင်စွာနှင့် ထိရောက်စွာကူညီပေးနေတဲ့အတွက် ကုလသမဂ္ဂနှင့် ယင်း၏ အေဂျင်စီများကို ဦးဆောင်ဦးရွက်ပြုနေတဲ့ အထွေထွေအတွင်းရေးမှူးချုပ်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

အခြားသောအလှူရှင်များဖြစ်ကြတဲ့ အစိုးရများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများကိုလည်း ငွေကြေးနှင့် ပစ္စည်းများ အကူအညီပေးအပ်ခြင်းအတွက် အထူးကျေးဇူးတင်ရှိပါတယ်။

ပြန်လည်တည်ဆောက်

ပထမအဆင့် ကူညီ၊ ကယ်ဆယ်၊ ယာယီနေရာချထားရေးအပိုင်းမှာ အတော်အသင့် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ဒုတိယအဆင့်အနေနဲ့ ဒေသခံပြည်သူများရဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဆားချက်တဲ့လုပ်ငန်းများ၊ နေအိမ်များ၊ ကျောင်းများ၊ ဆေးခန်းများ ပြန်လည်ဆောက်လုပ်ပေးရန်နှင့် ၎င်းတို့ဘဝ ရပ်တည်နိုင်ရေးအတွက် ပျက်စီးဆုံးရှုံးသွားတဲ့ ကျွဲနွားများ၊ ထွန်စက်ငယ်များ၊ မျိုးစပါးများ၊ ငါးဖမ်းလှေများ၊ ငါးဖမ်းပိုက်များနှင့် ဆားဖိုအဆောက်အအုံများကို ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဖြည့်ဆည်းပေး

ဒီဒေသဟာ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာအတွက်သာမက နိုင်ငံတကာ၏ စားနပ်ရိက္ခာကိုပါ ဖြည့်ဆည်းပေးနေတဲ့ နေရာဖြစ်ပါတယ်။ မုန်တိုင်းဒဏ်ကြောင့် စပါးစိုက်ခင်းများနှင့် လယ်မြေအချို့ ပျက်စီးသွားတဲ့အတွက် စပါးထုတ်လုပ်မှုလျော့သွားနိုင်ပါတယ်။ မြန်မာနိုင်ငံအတွက် ဆန်စပါးဖူလုံမှုရှိသော်လည်း နိုင်ငံတကာသို့ ရိက္ခာဖြည့်ဆည်းပေးပို့ရာတွင် အားနည်းသွားမှာ ဖြစ်ပါတယ်။ ဆန်စပါးလျော့နည်းသွားမှုကို ပြန်လည်ဖြည့်ဆည်းနိုင်ရန်အတွက် တချို့နေရာများမှာ ဆန်စပါး ပိုမိုအထွက်တိုးအောင် စိုက်ရပါမယ်။ ဒါ့ကြောင့် ဓာတ်မြေသြဇာ အများအပြားလိုပါတယ်။ ဒါ့အပြင် လယ်သမားများ ဆုံးရှုံးသွားတဲ့ ကျွဲ၊ နွားများအစား လယ်ထွန်စက်အသေးစားများနှင့် စက်သုံးဆီများလည်း လိုအပ်ပါတယ်။

ကျွမ်းကျင်လုပ်သား

၎င်းအပြင် ထိခိုက်ပျက်စီးသွားတဲ့ ဒီဒေသရဲ့ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းသင်္ဘောများ၊ စက်လှေများ၊ ငါးဖမ်းပိုက်များ၊ စက်သုံးဆီများကိုလည်း ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် လိုအပ်ပါတယ်။ ဆားလုပ်ငန်းအတွက်လည်း ဆားဖိုများ၊ အဆောက်အအုံများ၊ ရေစုပ်စက်များ၊ ကျွမ်းကျင်လုပ်သားများ ပြန်လည်စုစည်းထူထောင်ပေးရန် လိုအပ်ပါတယ်။ သို့မှသာ ပြည်တွင်းအတွက်သာမက နိုင်ငံတကာ စားနပ်ရိက္ခာလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။

များစွာအကျိုးရှိ

ပြန်လည်ထူထောင်ရေးအပိုင်းမှာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးခန်းများ၊ ဘာသာရေးအဆောက်အအုံများ၊ အစိုးရပိုင်အဆောက်အအုံများကိုလည်း ပြန်လည်တည်ဆောက်သွားရပါမယ်။ မိမိတို့ ပြည်တွင်းမှာ သစ်၊ ဝါး၊ ဘိလပ်မြေ၊ ကျောက်၊ သဲ စသည့် ဆောက်လုပ်ရေးပစ္စည်းများနဲ့ ကျွမ်းကျင်သည့် ဆောက်လုပ်ရေးလုပ်သားများ၊ လုပ်ငန်းရှင်များ အများအပြားရှိပါတယ်။ ယခုအခါ မုန်တိုင်းဒဏ်ခံရသည့် ဒေသများအတွင်းသို့ ဆောက်လုပ်ရေးလုပ်သားပေါင်း ၆၅၈၆ဦးခန့် ဝင်ရောက်ပြီး အဆောက်အအုံများကို ပြင်ဆင်ဆောက်လုပ်လျက်ရှိနေပြီ ဖြစ်ပါတယ်။ မိမိတို့ လိုအပ်ချက်ဟာ သွပ်နဲ့ သွပ်သံတို့ ဖြစ်ပါတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်း ကူညီပေးမည်ဆိုပါက လေဘေးဒုက္ခသည်များအတွက် များစွာ အကျိုးရှိစေမှာ ဖြစ်ပါတယ်။

အင်တိုက်အားတိုက်

ယခုကဲ့သို့ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ နေရာချထားပေးရေးနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့လက်တွဲပြီး ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဆိုတဲ့ နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ နိုင်ငံတော်မှဦးဆောင်ပြီး ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်အပါအဝင် လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းပြီး လေဘေးဒဏ်ခံရသည့် ဒေသများအား ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် အင်တိုက်အားတိုက်နဲ့ ဆောင်ရွက်လျက်ရှိနေပါတယ်။

ခွင့်ပြုပေး

မိမိတို့ရဲ့ ဆောင်ရွက်နေတဲ့ ဒီလုပ်ငန်းစဉ်ကြီးမှာ ပြည်ပမှ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို စေတနာသန့်သန့်ဖြင့် နိုင်ငံရေးပယောဂများ၊ နှောင်ကြိုးများမပါဘဲ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံ လေဘေးဒုက္ခ ကျရောက်ခံစားရသူများအတွက် ထောက်ပံ့ကူညီပေးမည့်ပစ္စည်းများကို ပေးပို့ကူညီမည်ဆိုပါက မိမိတို့အနေဖြင့် ကုန်းကြောင်းလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းတို့မှတစ်ဆင့် ဝင်ရောက်ခွင့်ပြုမှာဖြစ်ပါတယ်။ သို့သော်လည်း ရေကြောင်းလမ်းမှ ပေးပို့ကူညီလိုသည့်ပစ္စည်းများအတွက် အရပ်ဘက်သင်္ဘောဖြင့်သာလျှင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ကြရန်ဖြစ်ပါကြောင်း အသိပေးပြောကြားလိုပါတယ်။ ထောက်ပံ့ကူညီရေးပစ္စည်းများ အခြေချစုပုံနိုင်ရန် ရန်ကုန်လေဆိပ်နဲ့ ရန်ကုန်သင်္ဘောဆိပ်ကမ်းရှိ ကုန်လှောင်ရုံများကို သယ်ယူပို့ဆောင်ရေးဗဟိုအဖြစ် အသုံးပြုခွင့်ပေးသွားမှာဖြစ်ပြီး ၎င်းမှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပေးပို့ရေးကိုလည်း မိမိတို့အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လေဘေးသင့်ဒေသအတွင်းသို့ လာရောက်ကြည့်ရှုလိုသူများကိုလည်း မိမိတို့မှ ထိုက်သင့်သလို စီမံကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလိုတဲ့အဖွဲ့များကိုလည်း လုပ်ငန်းပမာဏနဲ့ ဦးစားပေးအလိုက် ဝင်ရောက်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ မြို့နယ်အလိုက် သီးခြားစီဆောင်ရွက်မည်ဆိုပါကလည်း ခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု

လေဘေးဒုက္ခကြုံတွေ့ရတဲ့အခါ နောက်ဆက်တွဲ ဖြစ်ပွားလာတတ်တဲ့ ရောဂါများ မဖြစ်ပွားစေရအောင် အိမ်နီးချင်းနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အာဆီယံနိုင်ငံများဖြစ်ကြတဲ့ ထိုင်း၊ လာအိုနှင့် စင်ကာပူနိုင်ငံတို့မှ ဆေးအဖွဲ့များ စေလွှတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လာရောက်ကူညီပေးတဲ့အတွက် ၎င်းနိုင်ငံများအား အထူးပဲကျေးဇူးတင်ပါတယ်။ နောက်ထပ်စေလွှတ်မယ့် ဆေးအဖွဲ့များကိုလည်း ဟန်ချက်ညီ စနစ်တကျ လက်ခံသွားမှာဖြစ်ပါတယ်။

ဖန်တီးတည်ဆောက်

နိဂုံးချုပ်အနေဖြင့် ဤဒေသမှာ နောင်အလားတူမုန်တိုင်းမျိုး ဝင်ရောက်လာခဲ့လျှင် သေကျေပျက်စီးမှု နည်းနိုင်သမျှနည်းအောင် ကာကွယ်ရန် တာရိုးများ မြှင့်တင်ပေးခြင်း၊ ကုန်းမြင့်များ ဖန်တီးတည်ဆောက်ပေးခြင်း၊ ရွံ့နွံများဖြတ်၍ ရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းတို့အပြင် အခြားလိုအပ်ချက်များ ပြုလုပ်ပေးနိုင်ရန်အတွက် ကျွမ်းကျင်သည့်နည်းပညာရှင်များနှင့် စေတနာရှင်များအား ဖိတ်ခေါ်ပါတယ်။ အဆွေတော်တို့မှ ကူညီဆောင်ရွက်ပေးခြင်းဖြင့် နောင်အလားတူမုန်တိုင်းမျိုး ကြုံတွေ့လာပါက ရင်ဆိုင်ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းများမှ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၂၅

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၄၈၂၇၅၇၅၀နှင့် ငွေကျပ်သိန်း ၇၀၀ တန်ဖိုးရှိ မိုးကာလိပ်၊ ခြင်ထောင်၊ စောင်နှင့် ဓာတ်မီးများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၈၃၂၃၈၀ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်၆၄၇၂၂၀၀နှင့် ငွေကျပ်၇၅၃၆၇၂၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၄၃၀၀၀၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ရန်ကုန်တိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၈၉၁၈၂၆၂၀တန်ဖိုးရှိ သွပ်အချပ်၂၀၀၀၊ ဆန်အိတ်၁၀၀၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၃၁၉၀၀၀၀ အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ၂၂၆၉၁၉၆၇၀ ဖြစ်ပြီး မေ ၂၅ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ၉၅၈ ၆၄၅၂၉၆၉ ကျပ်ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရန်ကျဲချီနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂ နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရန်ကျဲချီနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရန်ကျဲချီနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အာဆီယံအမြဲတမ်း ကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး မစ္စတာဂျော့ချ်ယိုးနှင့် အဖွဲ့ဝင်များအား ယနေ့နံနက်စနာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံ တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံအမြဲတမ်း ကော်မတီဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာ ဂျော့ချ်ယိုးနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဖန်ဇာစီရမ်းနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖန်ဇာစီရမ်းနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Tran Van Tung လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ဇာစီရမ်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ Minister of State အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန (Ministry of Commerce and Power) မှ Minister of State H.E Mr. Tairam Ramesh အား ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး Minister of State H.E. Mr. Tairam Ramesh နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန (Ministry of Commerce and Power) မှ Minister of State H.E Mr. Tairam Ramesh အား ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝါးခယ်မလမ်း အမှတ် ၄၂ နေ ဒေါ်လှကြည်၊ (သမီး) ဒေါ်ခင်ဆွေ၊ (မြေး)ဟိန်းထက်ဇော် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ် မြောက် ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၆၅ ဗားဂရာလမ်း မြေနီကုန်းနေ ဖခင် ဦးကျော်စိန်-မိခင် ဒေါ်ဖောင်တို့အား အမှူးထား၍ သမီး မချောချော (ခ)မခင်စန်းရီက ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း ခရိုင်လေးခရိုင်ရှိ မြို့နယ်၄၀၌ ပွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ

ပြည်သူများ ဆန္ဒမဲပေး

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ မဲရုံများ၌ ပြည်သူများ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မေ ၁၀ရက်က သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်၄၀ စုစုပေါင်း ၄၇မြို့နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၂၇၈မြို့နယ်တို့၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ဆန္ဒမဲပေး

မေ ၂၄ရက်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် ကျန်ရှိနေသော ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၄၀တို့၌ ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နံနက် ၆နာရီမှစတင်၍ သက်ဆိုင်ရာမဲရုံအသီးသီးတို့၌ တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက အင်တိုက်အားတိုက် လာရောက်ကာ ဆန္ဒမဲပေးကြသည်။

ထိုသို့ကျင်းပရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ် ၁၄မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၆၇ခု၌ မဲရုံပေါင်း ၆၈၂ရုံ၊ ရန်ကုန် အနောက်ပိုင်းခရိုင်မြို့နယ် ၁၃မြို့နယ်ရှိရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၅၉ခု၌ မဲရုံပေါင်း ၃၄၅ရုံ၊ ရန်ကုန် တောင်ပိုင်းခရိုင် မြို့နယ် ကိုးမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၈၃ခု၌ မဲရုံပေါင်း ၉၀၆ရုံနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ် လေးမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၉ခု၌ မဲရုံပေါင်း ၅၀၄ရုံ ဖွင့်လှစ်ထားရှိပြီး မဲရုံများစတင်မဖွင့်လှစ်မီ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များသည် မဲရုံများ၊ မဲစာရင်းများနှင့် ဆန္ဒမဲလက်မှတ်များကို ကြည့်ရှုစစ်ဆေးကြသည်။

စနစ်တကျတန်းစီ

ထို့နောက် နံနက် ၆နာရီတိတိတွင် မဲရုံများကို စတင်ဖွင့်လှစ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆန္ဒမဲပေးကြမည့် ပြည်သူများက ဆန္ဒမဲပေးရန် စနစ်တကျတန်းစီ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူကြကာ ဆန္ဒပြုခန်း၌ ဆန္ဒပြုကြပြီး ဆန္ဒမဲပုံး၌ ဆန္ဒမဲပေးကြသည်။

ထိုသို့ဆန္ဒမဲ ပေးကြရာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသောင်းညွန့်နှင့် ဦးမြတ်သူ၊ ရန်ကုန်တိုင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှစိုး၊ အတွင်းရေးမှူး ဦးခင်မောင်သိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ ဖြစ်ကြသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးသန်းအောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးအောင်မြင်၊ ရန်ကုန်တောင်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်များ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ကူညီဆောင်ရွက်

မဲရုံများ၌ မကျန်းမာသူများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဆန္ဒမဲ ပေးနိုင်ရေးအတွက် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မဲရုံပိတ်ချိန် ညနေ ၄နာရီတွင် သက်ဆိုင်ရာ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်များ ရှေ့မှောက်၌ ဆန္ဒမဲများကို စနစ်တကျရေတွက်၍ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ကြကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ရန်ကုန်တိုင်းအတွင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပုံများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ အသင်းဝင် သတင်းထောက်များသည်လှည့်လည်သွားရောက်၍ သတင်းနှင့် သတင်းဓာတ်ပုံများရယူကြသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ မဲရုံများ၌ ပြည်သူများ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အသီးသီးရှိ မဲရုံများ၌ ပြည်သူများ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အသီးသီးရှိ မဲရုံများ၌ ပြည်သူများ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး ဌာနဆိုင်ရာများက ဒေသခံများနှင့် လက်တွဲဆောင်ရွက်

နေပြည်တော် မေ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း လိုက်ပါလျက် မေ ၂၀ရက် နံနက် စနာရီခွဲက ခေါစာမြို့သို့ ရောက်ရှိပြီး မြို့နယ်အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ထိုသို့ တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးက မြို့နယ်ဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်သာအေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် ဌာနဆိုင်ရာများက ဒေသခံများနှင့် လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များထံ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်၍ ရင်းရင်းနီးနီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ခေါစာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက် လူနာများအား လိုက်လံကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများကိုပေးအပ်၍ ဆေးရုံရှိ ဆေးပစ္စည်းသိုလှောင်ခန်း၊ ဆေးပေးခန်း၊ ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် တိုင်းမှူးနှင့်အတူ ခေါစာဘုန်းတော်ကြီးကျောင်းဟောင်းကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝံသဒီပအား သွားရောက်ဖူးမြော် ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရတနာပုံ အောင်ချမ်းသာပြည်လုံးအေး နဂါးရုံဆင်းတုတော်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် မေ ၂၅

ပဲခူးမြို့ သဒ္ဓါဓိက ပါရမီရှင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ဓမ္မာလင်္ကာရ ဆရာတော်ကြီး သက်တော်(၉၀)ပြည့် ဗုဒ္ဓဓာတ် ပန္နက်အနေဖြင့် တည်ထားမည့် ရတနာပုံ အောင်ချမ်းသာ ပြည်လုံးအေးနဂါးရုံ ရုပ်ပွားဆင်းတုတော်ကြီးကိုတောင်ငူမြို့ ရတနာဂုဏ်မြင့်ကျောင်း ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာ ဘိဝံသ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ(ရွှေလင်းယုန်)ဆရာတော်ကြီး၏သက်တော်(၇၂)နှစ် မင်္ဂလာအနေဖြင့် ရွှေလင်းယုန်ဆရာတော်ကြီးနှင့်တပည့်ဖြစ်သူအရှင်ဓမ္မပါလ **(အပေါ်ပုံ)** အမှူးပြု၍ ရန်ကုန်မြို့နေ ဦးသန်းလွင်-ဒေါ်ရင်တီ၊ သမီး မဇင်မာလွင်၊ သား မောင်ရဲမင်းထွန်း (PTK-WOOD Bangkok)မိသားစုက ငွေကျပ်သိန်း ၅၀၀မတည်၍ ခုနစ်ရက်သားသမီးများက လှူဒါန်းမည်ဖြစ်သည်။ ထိုဆင်းတုတော်ကြီးအား ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၀ရက် (အောက်တိုဘာ ၉ရက်) ကြာသပတေးနေ့ နံနက်၉နာရီတွင် သက်တော်ရှည် ဓမ္မာလင်္ကာရ ဆရာတော်ကြီးနှင့် ရွှေလင်းယုန်ဆရာတော်ကြီးတို့ ဦးစီး၍ ပန္နက်တင် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို စေတီတည်ရာ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန် မေ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၃ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အင်းလျားလမ်း တစ်လျှောက် 400 V ဓာတ်အားလိုင်း တိုင် ၁၅တိုင် အစားထိုးတည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများကို ယာဉ်၊ စက်ယန္တရားများအသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် တိုင်ထူ၊ လိုင်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အစားထိုးတည်ဆောက်ရန် ရောက်ရှိလာသော 10m ဓာတ်အားလိုင်းတိုင်များအား ယာဉ်ပေါ်မှချခြင်းနှင့် ဓာတ်အားလိုင်းတိုင်အသစ် စိုက်ထူခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်းတစ်လျှောက် ဓာတ်အားလိုင်း တိုင်၁၀တိုင် အသစ်အစားထိုး တည်ဆောက်ပြီးစီးမှု၊ ဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းလျက်ရှိမှု၊ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေတို့ကိုလည်းကောင်း၊ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံ လမ်းမပေါ်တွင် ဓာတ်အားလိုင်းများအား ချိတ်ဆက်သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရွှေပြည်သာစက်မှုဇုန်ရှိ ရန်ကုန် ထရန်စဖော်မာထုတ်လုပ်မှု ကုမ္ပဏီ၌ သုံးတန် ဝန်ချီကရိန်းနှင့် ဓာတ်အားတိုင်မြေကျင်းတူးစက်ဖြင့်သရုပ်ပြမြေကျင်းတူးဖော်ခြင်း ဆောင်ရွက်မှုတို့နှင့် ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့သွားရောက်ပြီး စက်ရုံ Control Room တွင် ဓာတ်အားလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး**(အောက်ဝဲပုံ)** ဓာတ်အား အဝင်အထွက် ချိတ်ဆက်ဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ်တကျရှိစေရေး၊ ပြည်သူများ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ်တကျ မှန်ကန်မှုရှိစေရေး၊ ဓာတ်ငွေ့တာဘိုင်စက်ဂျင်နရေတာ အကြီးစား ပြင်ဆင်မှု အမြန်ဆုံးပြီးစီးစေရေးနှင့် ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်စေရေးတို့ကို အလေးထားပြီး နေ့ညမပြတ်စွမ်းအားမြှင့်ဆောင်ရွက်သွားကြရန် မှာကြားပြီး ရေနွေးငွေ့သုံး တာဘိုင်စက် ဂျင်နရေတာအကြီးစား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ငွေ့တာဘိုင်ဂျင်နရေတာအကြီးစားပြင်ဆင်မှု အမြန်ဆုံးပြီးစီးရေးနှင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်

ရေထွက်ပစ္စည်း ပြည်ပပို့ကုန်ဆုချီးမြှင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

ရန်ကုန် မေ ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၀၇-၂၀၀၈ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်ဆုချီးမြှင့်ပွဲနှင့် ၂၀၀၈-၂၀၀၉ လျာထားချက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ရက် ညနေပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ၂၀၀၇-၂၀၀၈ခုနှစ် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်အများဆုံးတင်ပို့ခဲ့သည့် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကုမ္ပဏီများနှင့် လုပ်ငန်းလျာထားချက်ထက် ပြည့်မီကျော်လွန်အောင် တင်ပို့ခဲ့သည့် ကုမ္ပဏီများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ၂၀၀၈-၂၀၀၉ ပြည်ပပို့ကုန်လျာထားချက် တာဝန်ပေးလွှာများကို ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား အသီးသီး တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကိုးမိုင် သီရိကွန်ဒိုနေ ဦးကျော်ဆန်းဝင်း၊ ဒေါက်တာသူသူဝင်းလွင်တို့၏ တစ်နှစ်မြောက် မင်္ဂလာနေ့အထိမ်းအမှတ်အဖြစ် ငွေပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း မုန်တိုင်းသင့်လူနာများအတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနကြီးမှူးနှင့် မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်ကြသည့် ဒေါ်လှဲ့လှဲ့ကြည်နှင့် ဒေါက်တာခင်မြဝင်း၊ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံအမတ်ကြီးများ၏ ဇနီးများနှင့်အသင်းအဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသလျက်ရှိသော မုန်တိုင်းသင့်လူနာများအတွက် အလှူငွေကျပ်၁၀သိန်းကိုဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

လေဘေးဒဏ်ခံရသော ဖျာပုံမြို့နယ် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးနေစဉ်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖျာပုံမြို့နယ်သို့ သစ်များရောက်ရှိလာသည်ကို ဤသို့တွေ့ရသည်။

ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ပြီးစီးမှု

လေဘေးဒဏ်ခံရသော ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ကျေးလက်သုံး ကိရိယာများ

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် လေဘေးဒဏ်ခံရသော ကျေးလက်ပြည်သူများအတွက် ကျေးလက်သုံး ကိရိယာများကို တွေ့ရစဉ်။

ဧရာဝတီတိုင်းမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ရနေ

ဧရာဝတီတိုင်းအတွင်း မုန်တိုင်းဒဏ် ကြုံတွေ့ခံစားခဲ့ရသော နေရာဒေသများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်အမျှ ဖိဖိစီးစီး ဆောင်ရွက်နေလျက်ရှိရာ နေရာတိုင်းတွင် တည်ဆောက်ပြုပြင်နေမှုများ၊ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးနေမှုများကို တွေ့မြင်ရလျက်ရှိသည်။

ဧရာဝတီတိုင်း ဖျာပုံမြို့တွင် လျှပ်စစ်ဓာတ်အားရရှိရေး၊ ဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးသော ကျေးလက်သုံးကိရိယာ ဖြန့်ဖြူးပေးနေမှုများ၊ အိမ်ဆောက်ပစ္စည်းများ ပေးဝေနေမှုကို တွေ့ခဲ့ရသည်။

ထို့အတူ ဧရာဝတီတိုင်း ဘိုကလေးမြို့နှင့် ဘိုကလေးမြို့နယ်အတွင်းရှိ လေဘေးဒဏ်ခံစားခဲ့ရသည့် ကျေးရွာများအား ပြန်လည်ထူထောင်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သစ်၊ သံ၊ ကျေးလက်သုံးကိရိယာများဖြစ်သော တောရှင်းဓားမ၊ ပေါက်တူး စသည့် ပစ္စည်းများကို နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၌ လေဘေးဒဏ်ခံခဲ့ရသော ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက် ပြန်လည်ပြုပြင်အပြီး တွေ့ရစဉ်။

ပြုပြင်ပြီး ဖျာပုံမြို့မြင်ကွင်း

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် လေဘေးဒဏ် ခံခဲ့ရသော အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုမြင်ကွင်း။

နေပူမိုးရွာမရှောင် လုပ်ငန်းများ ဆောင်ရွက်နေ ဧရာဝတီတိုင်းဖျာပုံမြို့ မကြာမီရာနှုန်းပြည့် မီးလင်းနိုင်မည်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ဖျာပုံ မေ ၂၅

ဧရာဝတီတိုင်းသည် မုန်တိုင်းဒဏ် အခံရဆုံးဖြစ်သည်။ ထို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးများကို ကျန်ဒေသများထက် ပိုမိုအားစိုက် ဆောင်ရွက်ရသည်။ ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်ရောက်ရှိရေး ကြိုးစားလုပ်ကိုင်လျက်ရှိသည်။

မုန်တိုင်းဒဏ်ခံရသော ဖျာပုံမြို့အား လျှပ်စစ်မီးများ ရာနှုန်းပြည့် ပြန်လည်ရရှိအောင် တာဝန်ရှိသူများက မနားမနေ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိလူကြီးများ ကိုယ်တိုင် ဖျာပုံမြို့သို့ ရောက်ရှိ ရုံးထိုင်ကာ အနီးကပ် ကြီးကြပ် အကောင်အထည်ဖော် လုပ်ကိုင်နေသည်ကို တွေ့ရသည်။

“အခုအချိန်မှာ ၁၀၀ ကေဗွီအေ မီးစက်နဲ့ ဖျာပုံမြို့ကို မီးပေးနေပါတယ်။ လက်ရှိမီးပေးထားတဲ့ နေရာတွေကတော့ ဆေးရုံ၊ ကွပ်ကဲရေးရုံး၊ ဘဏ်၊ မြို့နယ်စည်ပင်သာယာရေးရုံး၊ လမ်းမီးတွေနဲ့ လူနေအိမ် အချို့ကို ပေးထားပါတယ်။ မီးလိုင်းတွေကို အပြီးသတ်ရှင်းလင်းမှုတွေ ပြုလုပ်နေတာမို့ လျှပ်စစ်မီး တိုးချဲ့ပေးသွားမှာပါ”ဟု ဖြေကြားသည်။

ဖျာပုံ-ကျိုက်လတ်အပိုင်းကို တာဝန်ယူဆောင်ရွက်နေတာပါ။
ဒုတိယဗိုလ်မှူးကြီးရန်လင်း
ဒုတိယအင်ဂျင်နီယာချုပ်
လျှပ်စစ်ဓာတ်အား
ဖြန့်ဖြူးရေးလုပ်ငန်း။

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြုပြင်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ထို့ကြောင့် ဖျာပုံမြို့တွင်ရောက်ရှိ ရုံးထိုင်ကာ လျှပ်စစ်ဓာတ်အား ရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဒုတိယဗိုလ်မှူးကြီးရန်လင်းနှင့်တွေ့ဆုံကာ လုပ်ငန်းအကောင်အထည်ဖော် နေမှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။

ဖျာပုံမြို့တွင် လမ်းမီးများလင်းနေသည်။ အစိုးရရုံးများနှင့် လူနေအိမ်အချို့လည်း မီးလင်းနေသည်ကို တွေ့ရသည်။ ထို့နောက် လက်ရှိဆောင်ရွက်နေမှုများကို မေးမြန်းရာ **“မဟာဓာတ်အားလိုင်းက မီးရရှိပြီး အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်အောင် လုပ်ဆောင်နေပါတယ်။ မုန်တိုင်းကြောင့် ပြိုလဲနေတဲ့ ဓာတ်တိုင်တွေ၊ ဓာတ်ကြိုးတွေကို ပြန်ထူ၊ ပြန်ဆက်ပြီး အချိန်ပြည့် လုပ်ငန်း ဆောင်ရွက်နေပါတယ်။ အင်ဂျင်နီယာချုပ်က မအူပင်-ကျိုက်လတ်အပိုင်းမှာ တာဝန်ယူ လုပ်ကိုင်နေသလို ကျွန်တော်က ဖျာပုံ-ကျိုက်လတ် အပိုင်းကို တာဝန်ယူ ဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ ဒုတိယဝန်ကြီးကိုယ်တိုင်လည်း ဖျာပုံမှာနေပြီး အနီးကပ်ကြီးကြပ်နေပါတယ်”** ဟု ဒုတိယဗိုလ်မှူးကြီးရန်လင်းက ပြောပြသည်။

မှန်သည်။ မိုးရွာနေသည့်ကြားမှ ဓာတ်တိုင်များထူနေကြသည့် လျှပ်စစ်ဝန်ထမ်းများ၊ ပြတ်သွားသောဓာတ်ကြိုးများကို ပြန်ဆက်နေသော ဝန်ထမ်းများကို မြင်တွေ့ရသည်။ သူတို့ကို ဒုတိယ အင်ဂျင်နီယာချုပ် ဖြစ်သည့် ဒုတိယဗိုလ်မှူးကြီးရန်လင်းက အနီးကပ် ညွှန်ကြားနေသည်ကိုလည်း တွေ့ရသည်။

ဖျာပုံ၌ လျှပ်စစ်ဓာတ်အားပုံမှန်ရရှိရေးဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အားသုံးစွဲမှုနှင့် ပတ်သက်၍လည်း **“ကျွန်တော်တို့အနေနဲ့ ပြည်နယ်နဲ့တိုင်းက လျှပ်စစ်ဝန်ထမ်းအင်အားတွေစုပြီး ဒီမှာလုပ်ငန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ကချင်နဲ့ရခိုင်ပြည်နယ်က ဝန်ထမ်းအင်အားတွေခေါ်ယူပြီး လုပ်ကိုင်နေတာပါ။ နောက်ပြီး ဒေသခံလျှပ်စစ်ဝန်ထမ်းတွေရဲ့ အင်အားနဲ့ ပူးပေါင်းလုပ်ဆောင်နေတာမို့ မကြာခင်မှာ လျှပ်စစ်ဓာတ်အား ပြန်ရမှာဖြစ်ပါတယ်။ ပစ္စည်းလိုအပ်မှုတွေကိုလဲ ရန်ကုန်ကနေပြီး ပို့ပေးသလို ဓာတ်တိုင်လိုအပ်မှုအတွက် မီးရထားဝန်ကြီးဌာနက သံလမ်းအချောင်း၅၀၀ ပေးပို့ကူညီထားပါတယ်။ လောလောဆယ်မှာတော့ ကျောက်တိုင်တွေစိုက်ထူနေပြီး မြို့တွင်း လျှပ်စစ်မီးအပြည့်အဝ ရရှိရေးကို ခရိုင်ဦးစီးမှူးကလဲ ကြီးကြပ်ဆောင်ရွက်ပေးပါတယ်”**ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

> ပြည်နယ်နဲ့ တိုင်းက လျှပ်စစ်ဝန်ထမ်း အင်အားတွေစုပြီး ဒီမှာ လုပ်ငန်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကချင်နဲ့ ရခိုင်ပြည်နယ်က ဝန်ထမ်းအင်အားတွေ ခေါ်ယူပြီး လုပ်ကိုင်နေတာပါ။ နောက်ပြီး ဒေသခံလျှပ်စစ်ဝန်ထမ်းတွေရဲ့ အင်အားနဲ့ ပူးပေါင်းလုပ်ဆောင်နေတာမို့ မကြာခင်မှာ လျှပ်စစ်ဓာတ်အား ပြန်ရမှာ ဖြစ်ပါတယ်။

မီးလင်းနိုင်အောင် နေ့တိုင်း နားရက်မရှိ လုပ်ကိုင်နေတာပါ။
ဦးမိုးအောင်
လိုင်းမင်း။

ထိုအဖွဲ့မှ လိုင်းမင်းဖြစ်သူ ဦးမိုးအောင်အား မေးမြန်းကြည့်ရာ **“ဒီဓာတ်တိုင်ကပြိုလဲသွားတာမို့ ကျောက်တိုင် ထူပြီး ကြွေသီးတပ်နေတာပါ။ တိုင်ထောင်မှုတွေကတော့ ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ကြိုးစားနေပါတယ်။ မကြာခင်မှာ မီးလင်းနိုင်အောင် နေ့တိုင်း နားရက်မရှိ လုပ်ကိုင်နေတာပါ”**ဟု ရှင်းပြသည်။

ကြွေသီးများကို ဤသို့ အားကြိုးမာန်တက် တပ်ဆင်လျက်ရှိသည်ကို တွေ့ရသည်။

ထို့အပြင် မုန်တိုင်းကြောင့် ပျက်စီးသွားသော အိမ်သုံးမီတာများကိုလည်း စာရင်းကောက်နေပြီး အသစ်များဖြင့် အစားထိုး တပ်ဆင်ပေးသွားမည် ဖြစ်သည်။ ထို့နောက် ဖျာပုံမြို့အတွင်း ဓာတ်တိုင်စိုက်ထူနေသော လျှပ်စစ်ဝန်ထမ်းအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်မှုကို ရပ်ကြည့်မိသည်။ မိုးရွာနေသည့်ကြားမှ ဓာတ်တိုင်ပေါ်တက်ပြီး ဓာတ်ကြိုးချိတ်နေသူ၊ ကြွေသီးများတပ်ဆင်နေသူများမှာ အားကြိုးမာန်တက် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။

ဖျာပုံမြို့အတွင်း ပြိုလဲနေသော ကွန်ကရစ်တိုင်များကို ဝန်ချီစက်ဖြင့် ပြန်လည်စိုက်ထူမှုလုပ်ငန်း၊ ဓာတ်ကြိုးသွယ်တန်းခြင်း လုပ်ငန်းများကို နေပူမိုးရွာမရှောင် လုပ်ကိုင်နေရာ ဖျာပုံမြို့မှာ မကြာခင်အချိန်အတွင်း ရာနှုန်းပြည့် မီးလင်းနိုင်တော့မည်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ဖျာပုံမြို့ မြို့လယ်တွင် ညပိုင်း၌ လမ်းများအတွင်း လျှပ်စစ်မီးများ ဖြန့်ဖြူးပေးထားမှုကို ဤသို့ တွေ့ခဲ့ရသည်။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဦးစိန်မြင့်** (ဥက္ကဋ္ဌ၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်၊ အဆင့်မြင့်ဒုံးပျံဂျူစက်)နှင့် မေမေ **သီဟသုဓမ္မသီဂိ ဒေါ်စန်းကြူ** တို့၏ ၂၆-၅-၂၀၀၈ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါး ချမ်းသာပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုးများကို ရာသက်ပန်ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

သားသမီးများ - ဒေါက်တာဂျိုးဇက်ပန်-မနီနီ
(ဆန်ဖရန်စစ္စကို၊ အမေရိကန်ပြည်ထောင်စု)၊
ကိုကျော်လင်း-မဖြူဖြူ
(ရွှေမြင်းလက်ဖက်ခြောက်လုပ်ငန်း၊ မန္တလေးမြို့)၊
ဒေါက်တာခင်မောင်မြင့်-ဒေါက်တာစိန်စိန်
(လော့အိန်ဂျလိစ်၊ အမေရိကန်ပြည်ထောင်စု)၊
ဒေါက်တာကိုကိုကြီး-မမိုးမိုး
(ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့)။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ နှစ်ပတ်လည်ဆုတောင်း

အန်ကယ်လ် **ဦးစိန်မြင့်**

(ဥက္ကဋ္ဌ၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်၊ အဆင့်မြင့်ဒုံးပျံဂျူစက်)

နှင့်

အန်တီ **သီဟသုဓမ္မသီဂိ ဒေါ်စန်းကြူ**

တို့၏ ၂၀၀၈ ခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သော သားသမီးမြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးများကို ဆတက်တိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဂါရဝပြုဆုတောင်း မေတ္တာပို့သအပ်ပါသည်။

Diamond Star Co., Ltd.
Pac Link Trading Limited.
Capital Hypermarket မှ ဝန်ထမ်းများ
ရန်ကုန်မြို့။

ဖခင်အမည်မှန်

အလက(၁)ရွှေပြည်သာ လှော်ကား စတုတ္ထတန်း(A)မှ မခန့်နဒီဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်မျိုး ၁၂/မရက(နိုင်)၁၁၈၉၆၂ဖြစ်ပါသည်။

ဦးဇော်လွင်မျိုး။

အမည်ပြောင်းနှင့် ဖခင်အမည်မှန်

တနင်္သာရီတိုင်း ပုလောမြို့နယ် အထက Grade-6 (A) မှ မရွှန်းလဲ့ကြည်ဖြူအား မရွှန်းအိကြည်ဖြူဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၆/ပလန(နိုင်) ၀၀၁၉၀၀ ဖြစ်ပါကြောင်း။

ဦးကျော်ကျော်ဦး၊
မရွှန်းအိကြည်ဖြူ။

အိမ်စီးကားသန့် ငှားစီးလိုပါသည်

ဗင်(ဒီဇယ်) သို့မဟုတ် တောင်းအော့၊ လိုက်အော့(ဒီဇယ်)မှန်လုံနံပါတ်အနက်လပေး ငှားစီးလိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်
ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၅၂၀၁၉၄၆၊
၀၉-၅၁၀၄၇၅၆၊ ၀၉-၅၁၉၈၈၄၆။

အမှတ်(၁) စက်မှုဝန်ကြီးဌာန

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဝယ်ယူမည့်ပစ္စည်း - အစေ့ထုတ်ပြောင်း
တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၅-၂၀၀၈ရက် (၁၆:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနတွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)၊
ရုံးအမှတ်၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၇၀။

အမြန်ပြန်လာပါ

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ဘုရားငါးဆူရွာနေ ဦးကျော်မြင့်-ဒေါ်သိုင်းတို့၏ သား မောင်ထွန်းထွန်းနိုင် ၉/သစန(နိုင်) ၁၂၈၀၇၇ သည် နေအိမ်မှထွက်သွားပါသဖြင့် အမြန်ပြန်လာပါရန်။ မိဘများ စိတ်ပူနေသည်။ **ဦးကျော်မြင့်-ဒေါ်သိုင်း။**



မော်တော်ယာဉ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၉၄၄၅၊ Hino BM 40 L၊ Bus(4x2)ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ရီရီမြိုင် မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၀၀၁၇၈၁ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး၊ (ရန်ကုန်မြို့)။

သန့်တည်ပွား တရားစခန်း ဝင်လိုသူများ စာရင်းပေးသွင်းနိုင်

ရန်ကုန် မေ ၂၅

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်း-တည်တံ့-ပြန့်ပွားရေးအဖွဲ့(သန့်တည်ပွား)သည် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ (၅)ရပ်ကွက်ရှိ မြင့်မြတ်အလင်း ရိပ်သာ ပရမတ္ထမဏ္ဍာရုံတွင် ကိုးရက်အဓိဋ္ဌာန်တရားစခန်းများကို ပုံမှန်အားဖြင့် လစဉ်တစ်လလျှင် သုံးကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ လာမည့်ဇွန်လတွင်လည်း တရားစခန်း သုံးကြိမ်ဖွင့်လှစ်သွားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများအနေဖြင့် မိမိနှင့်သင့်တော်မည့် တရားစခန်းပတ်များသို့ ဝင်ရောက်လိုပါက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ်(၆၈) စတုတ္ထထပ်ရှိ သန့်တည်ပွားရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရုံးအဖွဲ့ ဖုန်း-၀၁-၇၂၇၂၂၃၊ ၀၁- ၂၁၂၈၂၄ သို့ဆက်သွယ်စုံစမ်း၍ ဖြစ်စေ စာရင်းပေးသွင်းနိုင်သည်။

(က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၂၀) ဖြန့်ချိ

ရန်ကုန် မေ ၂၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၂၀)တွင် **ကယ်ဆယ်ရေးပစ္စည်းများ မင်္ဂလာဈေးသို့ ဝင်နေသည်ဆိုသောသတင်း မဟုတ်မှန်၊** ရခိုင်ပြည်နယ်မှ မျိုးစပါး တင်းတစ်သိန်းကျော် ဧရာဝတီတိုင်းသို့ ပို့မည်၊ ရန်ကုန်တိုင်းတစ်တိုင်းလုံး ၅၁ရာခိုင်နှုန်း လျှပ်စစ်မီးပြန်လည်ရရှိ၊ ရွှေသံလွင်ကုမ္ပဏီနှင့် အနုပညာရှင်များပူးပေါင်းကာ ဧရာဝတီတိုင်းအတွင်းမှ လေဘေးသင့်နေရာများသို့ သွားရောက်ကူညီပံ့ပိုးပေးခဲ့၊ မုန်တိုင်းသင့်ဒေသများသို့ လူမှုရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်သူများ အရေပြားပေါ်တွင် ဖြစ်ပွားတတ်သောရောဂါများ ဂရုပြုရန်လို၊ 'ရွှေမင်းသားလေးချစ်ပုံပြင်' ကိုရီးယားဇာတ်လမ်းတွဲသစ် မြန်မာ့ရုပ်သံတွင် ရှုစားရမည်စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ **အဖေခြေမြန် သားခြေမသန်၊ သစ်ပင်ပြန်စိုက်ကြပါစို့၊ ပြည်ပတွင် Auto CAD ဖြင့် အလုပ်လုပ်လိုလျှင်** … စသည့် ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ရေနံရောင်းနိုင်ငံများအဖွဲ့(OPEC)နှင့်ပူးပေါင်း၍ ရေနံဈေးနှုန်း သက်သာအောင်လုပ်မည်ဆိုသည့် ဘရာဇီးလ်သမ္မတလူလာနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ ယုံကြည်မှုမလွန်ကဲသင့်၊ သမ္မတရွေးပွဲ အနိုင်ရမည့်သူကို နက္ခတ်ဗေဒင်ပညာရှင်များမှန်းဆ၊ နိုက်ကလပ်သို့ တစ်နာရီ မိုင်၁၀၀ကျော် နှုန်းဖြင့် ကားမောင်းနှင်ခဲ့ခြင်းကြောင့် တော်ဝင်မင်းသားလေး ဟယ်ရီနှင့် ကိုယ်ရံတော်များ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိ၊ အီတလီတွင် မော်ဒယ်လ်ဟောင်း တစ်ဦးကို ဝန်ကြီးခန့်၊ ၁၈နှစ်အရွယ် ဗြိတိသျှသူလေး၌ နှလုံးသုံးခုရှိ၊ သမီးအထက်တန်း စာမေးပွဲမအောင်၍ ဖခင်ထောင်ခြောက်လကျ၊ ဆော်ဒီရေနံ တိုးထုတ်နိုင်သော်လည်း အမေရိကန်၏ ပြဿနာကို မဖြေရှင်းပေးနိုင်ကြောင်း ဘုရှ်ပြော၊ အနောက်တိုင်းကုမ္ပဏီကြီးများ လစာနည်းပါးသည့် နောက်ထပ် တိုင်းပြည်များကို ရှာဖွေလာကြစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ မုတ်သုံလေဝင်ရောက်နိုင်

(မေ ၂၅ရက် မွန်းလွဲ ၂နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ॥ ॥ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ် နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပို၍ခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဇန်းမော်မြို့တွင် ၂ဒသမ၈၀ လက်မ၊ သထုံမြို့တွင် ၂ဒသမ၆၈လက်မ၊ မန္တလေးမြို့တွင် ၁ဒသမ၆၂လက်မနှင့် ကော့သောင်းမြို့တွင် ၀ဒသမ၉၈လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မေ၂၆ရက်ညနေအထိ ခန့်မှန်းချက် ॥ ॥ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာ ကွက်ကျား၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ॥ ॥ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၆ရက် ညနေအထိ ခန့်မှန်းချက်။
နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၆ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၆ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄-၅-၂၀၀၈ ရက် မွန်းလွဲ ၁နာရီခွဲအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၅မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

လေဘေးသင့် အောင်သိဒ္ဓိကျောင်း ဘက်စုံပြုပြင် တည်ဆောက်ရန်ငွေလှူ

ရန်ကုန် မေ ၂၅

လေမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးသွားသော ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်းတိုက် အာဂုံဆောင် နိကာယ်သင်တန်း ပို့ချနေသော အောင်သိဒ္ဓိ နှစ်ထပ်ကျောင်းတော်ကြီး ဘက်စုံပြုပြင် တည်ဆောက်ရန် မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက် ရွှေခြင်္သေ့ရတနာလုပ်ငန်းက ကျပ်နှစ်သိန်း၊ မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက်နေ ဒေါ်မြမြအောင်နှင့် မောင်နှမတစ်စု၊ ကနေဒါနိုင်ငံနေ ဦးဝင်းမြင့်-ဒေါ်ခင်သက်ထွေးမိသားစု၊ လေးမျက်နှာမြို့နယ် အိုင်သပြုမြို့နေ ဒေါက်တာစိုးလွင်-ဆရာမဒေါ်ခင်မေတင့်မိသားစုတို့က ကျပ်တစ်သိန်းစီ၊ ပုဂံညောင်ဦးမြို့နေ ဒေါ်စောမြတ်မော်နှင့် ဘုရားဖူးအဖွဲ့က ကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးအောင်ကြည်(ပညာရေးသုတေသန)က လက်ခံရယူသည်။ လှူဒါန်းလိုသူများသည် ဖုန်း-၃၈၀၈၇၅၊ ၃၈၃၄၂၇၊ ၀၉-၅၁၃၉၃၀၇၊ ၀၉- ၅၀၅၀၇၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘဝအမောပြေ

ဖြေလိုက်ပုံက ...

တစ်နေ့၌ ပုဂ္ဂလိကဆေးခန်းတစ်ခန်းသို့ လူတစ်ဦး ရောက်ရှိလာပြီး ဆရာဝန်အား သူခံစားနေရသော ဝေဒနာကို ပြောပြလေသည်။

လူနာ ။ ။ ဒေါက်တာ...ကျွန်တော့်ကို ကြည့်ပေးပါဦး။

ဆရာဝန် ။ ။ ဘယ်လိုခံစားနေရလဲ ပြောပါ။

လူနာ ။ ။ ကျွန်တော့် နားနှစ်ဖက်စလုံး လေတွေထွက်ပြီး ဘာမှ သဲသဲကွဲကွဲ မကြားရဘူး ဖြစ်နေတယ်။

ဆရာဝန်က စမ်းသပ်စစ်ဆေးပြီးနောက် သောက်ရမည့် ဆေးများပေးလေသည်။

ဆရာဝန် ။ ။ ဒီဆေးတွေကို တစ်နေ့နှစ်ကြိမ်ပုံမှန်သောက်ပါ။ ရောဂါ ပျောက်ကင်းသွားပါလိမ့်မယ်...ဘာမှစိတ်မပူပါနဲ့။

သီတင်းတစ်ပတ်ခန့်ကြာသောအခါ ဆေးခန်းသို့ လူနာ ပြန်ရောက်ရှိလာရာ...

ဆရာဝန် ။ ။ ဘယ်လိုလဲ...သက်သာသွားပြီလား။

လူနာ ။ ။ ပေါင်မုန့်စားခဲ့ပါတယ်။

ဆရာဝန် ။ ။ "ဗျာ"

အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်သည့် နိုကီယာလက်ကိုင်ဖုန်း

တိုကျို မေ ၂၅

ဂျပန်နိုင်ငံ နိုကီယာကုမ္ပဏီက နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံး လက်ကိုင်ဖုန်း အမျိုးအစား အသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်လိုက်သည်။

အင်န်-ဂိတ်အမည်ရှိ အဆိုပါနိုကီယာလက်ကိုင်ဖုန်း (ယာပုံ) သည် ဂိမ်းအမျိုးမျိုးကစားနိုင်ပြီး အပြောင်းအလဲ ပြုလုပ်လိုပါက ဂိမ်းကစားစဉ် အခြားဆက်သွယ်ပြောကြားမှုများကိုလည်း တစ်ပြိုင်နက်တည်း ပြောကြားနိုင်သည်။

ဖမ်းယူနိုင်

ဂိမ်းကစားခြင်းလုပ်ငန်းဆိုင်ရာကိစ္စများ ဆွေးနွေးနိုင်ခြင်းအပြင် အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသည်။ ထို့အပြင် ရုပ်/သံအစီအစဉ်များကို ဖမ်းယူရရှိနိုင်ကြောင်း သိရသည်။

အင်န်-ဂိတ်မိုဘိုင်းလ်ဖုန်း၌ ဆက်သွယ်ရေးချိတ်ဆက်မှုလမ်းကြောင်း လုံခြုံရေးအတွက် လျှို့ဝှက်ထားနိုင်သည့်အပြင် ဝန်ဆောင်မှုအပိုင်းကို စွမ်းရည်အမြင့်ဆုံး တာဝန်ယူထားသည်။

အင်န်-ဂိတ်မိုဘိုင်းလ်ဖုန်းသည် ကြည်လင်ပြတ်သားသည့်အပြင် အချက်အလက်ပေါင်းများစွာကိုလည်း သိုမှီးထားနိုင်ကြောင်း သိရသည်။

(အင်တာနက်)

နည်းပညာသိပ္ပံ

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဂျီလော်ရီမြို့မြောက်ပိုင်း ဆန်တာခရုဇ်တောင်တန်းများရှိ တောမီးများ လောင်ကျွမ်းရာဒေသတွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး မေ၂၃ရက်က မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

မလွဲသာ၍ ခွဲခွာခဲ့ရခြင်းသည်လည်း ...

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ တောင်ပိုင်း လီအရပ်တွင် မုန့်ဆိုင်တစ်ဆိုင်ရှိသည်။ ထိုဆိုင်သည် မုန့်များကို ကိုယ်တိုင်ဖုတ်ကာ ရောင်းချသောဆိုင်ဖြစ်ပြီး လက်ဖက်ရည်၊ အအေးစသည်တို့ကိုပါ တွဲဖက် ရောင်းချသော ဆိုင်ဖြစ်သည်။ ထိုမုန့်ဆိုင်ပိုင်ရှင်သည် သားသမီး ကိုးယောက် ထွန်းကားခဲ့ပြီး ထိုစီးပွားရေးလုပ်ငန်းကို မိသားစု ၁၁ယောက် သိုက်သိုက်ဝန်းဝန်း လုပ်ကိုင်ကာ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်နေထိုင်ကြသည်။

ဦးစီးလုပ်ကိုင်

ထိုမုန့်ဆိုင်ကို သားများဖြစ်ကြသော အသက် ၂၆နှစ်အရွယ်ရှိ တော်မီ၊ အသက်၂၄နှစ် အရွယ်ရှိ ဘော်ဘီ၊ အသက်၁၈နှစ် အရွယ်ရှိ ဟာရီနှင့် အသက်၁၆နှစ် အရွယ်ရှိ ဂျင်မီ(**ယာပုံ**)တို့က ဦးစီးလုပ်ကိုင်နေသည်။ တော်မီနှင့် ဘော်ဘီတို့သည် အသီးသီး ဘွဲ့ကိုယ်စီ ရပြီးကြပြီဖြစ်သော်လည်း ဟာရီမှာ တက္ကသိုလ် ဒုတိယနှစ် ကျောင်းသား ဖြစ်ပြီး ဂျင်မီမှာတက္ကသိုလ်ဝင်တန်းကျောင်းသား တစ်ဦးဖြစ်သည်။ ဟာရီနှင့် ဂျင်မီတို့သည် ပညာရေးကို ကြိုးစားသင်ယူရင်း တစ်ဖက်က မိဘများ၏ စီးပွားရေးလုပ်ငန်းတွင် ဝိုင်းဝန်းကူညီနေသူများဖြစ်သည်။ ညီအစ်ကို လေးယောက်စလုံး မိဘများ၏ စီးပွားရေးလုပ်ငန်းတွင် စည်းလုံးညီညွတ် တက်ကြွစွာ ဖိဖိစီးစီး လုပ်ကိုင်နေကြသကဲ့သို့ အချင်းချင်းလည်း လွန်စွာချစ်ခင်ကြလေသည်။ ထိုသို့ နေလာကြရင်းမှ နေ့တစ်နေ့တွင် သူတို့မိသားစု ၁၁ယောက်၏ ဘဝတွင် တစ်ခါမျှ မကြုံဖူးသော ကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခုနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတော့သည်။

လုပ်ကိုင်ပေးခဲ့

၂၀၀၈ခုနှစ်မေ၁၀ရက် ညနေပိုင်း၌ ဂျင်မီသည် ကျောင်းမှပြန်လာပြီး အားလပ်ချိန်တွင် သူ၏ မုန့်ဆိုင်၌ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးနေခဲ့သည်။ ညနေစောင်း အလုပ်အားချိန်ဖြစ်သဖြင့် သူတို့၏ ဆိုင်တွင် လက်ဖက်ရည်သောက်သူ၊ အအေးသောက်သူ၊ မုန့်စားသူ၊ မုန့်ဝယ်သူများ

ဖြင့် ပြည့်နှက်စည်ကားလျက် လူကျနေချိန်ဖြစ်သည်။

ထိုအချိန်တွင် သူတို့၏ အိမ်နှင့် မလှမ်းမကမ်းတွင် နေထိုင်သော အသက် ၁၉နှစ်အရွယ်ရှိ ဂျိတ်ခ်ဖာဟာရီသည် ဆိုင်အတွင်း၌ သူ၏ သူငယ်ချင်းတစ်ယောက်နှင့် အငြင်းအခုံ ဖြစ်ပွားကာ စကားများရန်ဖြစ်သည်အထိ ဖြစ်ပြီးမကြားဝံ့မနာသာဆဲဆိုနေတော့သည်။ ထိုအခါ ဂျင်မီ၏ အထက်မှ အစ်ကိုဖြစ်သူ ဟာရီက ဂျိတ်ခ်အား ဆိုင်အတွင်း၌ ထိုသို့ ဆူညံဆဲဆိုခြင်း မပြုရန် တားမြစ်လေသည်။

သေဆုံးခဲ့

ထိုသို့တားမြစ်သည်ကို မကျေနပ်သောဂျိတ်ခ်က ဟာရီအား မဲပြီး ဆိုင်ရှိ မုန့်ဗီရိုမှ မုန့်များကို ရိုက်ခွဲပြီး ရရှိသော မုန့်ကွဲစဖြင့် ဟာရီအား ထိုးရန် ကြိုးစားခဲ့တော့သည်။ထိုအခါ အနားတွင်ရှိနေသော ဂျင်မီက သူ၏ အစ်ကိုအား မုန့်ကွဲစဖြင့် ထိုးမည့် ဂျိတ်ခ်အား တားဆီးရာမှ ဂျိတ်ခ်က ဂျင်မီ၏လည်ပင်းအား အမှတ်မထင် မုန့်ကွဲစဖြင့်လှီးကာ ထိုးခွဲလိုက်တော့သည်။ ဂျင်မီမှာ ဒဏ်ရာရရှိပြီး မကြာမီမှာပင် သွေးထွက်လွန်ကာ အစ်ကိုဖြစ်သူ တော်မီ၏ လက်ထဲတွင် သေဆုံးခဲ့သည်။

ပို့ဆောင်ပေး

ဟာရီသည် သူ့ကိုယ်သူ မုန်းကြောင်း၊ ညီဖြစ်သူ မသေဆုံးဘဲ သူသာ သေဆုံးသင့်ကြောင်း ဆိုခဲ့သည်။ အခင်းဖြစ်အရပ်သို့ ဂျင်မီ၏ သူငယ်ချင်းအများအပြား ရောက်ရှိလာကြပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ပန်းစည်းများ လာရောက် ပို့ဆောင်ပေးကြသည်ကို ကြည့်ခြင်းအားဖြင့် သူ့ညီတွင်လူချစ်လူခင်ပေါများကြောင်း အစ်ကိုဖြစ်သူ ဘော်ဘီက ဆိုသည်။

သိမ်းဆည်းမိ

မေ ၁၃ရက်ညတွင် ရဲတပ်ဖွဲ့က ဂျိတ်ခ်ဖာဟာရီအား သူ၏ အိမ်တွင် သွားဖမ်းသော်လည်း မမိခဲ့ဘဲ သွေးစွန်း အဝတ်အစားများကိုသာ သိမ်းဆည်းမိခဲ့သည်။ ရေပိုက်ပြင် ဆရာဖြစ်သော အသက်၄၂နှစ် အရွယ်ရှိ တူရကီအမျိုးသား မူစတာဖာဖာဟာရီနှင့် အမေဖြစ်သူအသက်၃၇နှစ်အရွယ်ရှိ ရီလေးတို့က သားဖြစ်သူ၏ သူငယ်ချင်းများ စာရင်းကို ပေးခြင်းဖြင့် ရဲတပ်ဖွဲ့အား ကူညီခဲ့သည်။

ထွက်ပြေး

ဂျိတ်ခ်ဖာဟာရီသည်ဗြိတိန်နိုင်ငံသို့ တရားခံ လွှဲပြောင်းပေးရန် သဘောတူညီမှုမရှိသေးသော ဆိုက်ပရပ်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ သို့သော်လည်း ဂျိတ်ခ်ဖာဟာရီမှာ သူကျူးလွန်ခဲ့သော ပြစ်မှုအတွက် ပြန်လည်ပေးဆပ်ရမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

မိဘများ၏ စီးပွားရေးလုပ်ငန်းကို ကူညီရင်း ပညာရှာနေသော ဂျင်မီမှာ လေ့ပြေးရင်းတက်ကျိုးခဲ့ရသည်။ မိသားစုနှင့် မလွှဲသာသောကြောင့် အချိန်မတန်ဘဲခွဲခွာခဲ့ရသော ဂျင်မီ၏ အဖြစ်ကို ကြေကွဲဖွယ်ရာ၊ သင်ခန်းစာယူဖွယ်ရာဖြစ်ရပ်အဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

ဇင်ဘာဘွေအတိုက်အခံ အိမ်ပြန်ရေး နှောင့်နှေးနေရ

ဟာရာရေး မေ ၂၅

ဇင်ဘာဘွေနိုင်ငံတွင် ဒုတိယအကြိမ်သမ္မတရွေးကောက်ပွဲကို ဇွန်၂၇ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဇင်ဘာဘွေအတိုက်အခံခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းသည် မေ၂၄ရက်တွင်နေရပ်ပြန်မည်ဖြစ်ကြောင်း ကြေညာထားသည်။

နေရပ်ပြန်ရေး

ဇင်ဘာဘွေရောက်လျှင် လုပ်ကြံခံရမည်ဟူသောသတင်းကြောင့်နေရပ်ပြန်ရေး နှောင့်နှေးကြန့်ကြာနေသည်။

ဇင်ဘာဘွေအာဏာရပါတီကမူ ထိုသို့ လုပ်ကြံခံရမည်ဟူသော သတင်းမှာ ထွေရာစိတ်ကူး ပြောဆိုခြင်းသာ ဖြစ်ကြောင်း ချေပပြောကြားသည်။

(အင်တာနက်)

ဗင်နီဇွဲလား၌ နွမ်းပါးသောမိသားစုများ လူနေအိမ်ခန်းများ တည်ဆောက်ပေးမည်

ကရာကတ် မေ ၂၅

မြို့ပြများတွင် နေထိုင်ကြသည့် ဆင်းရဲသော မိသားစုများအတွက် နေအိမ် ၅၀၀၀၀ တည်ဆောက်ပေးမည်ဟု ဗင်နီဇွဲလားအစိုးရက မေ၂၂ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

ဆင်းရဲသည့်ပြည်သူများအတွက်

ဗင်နီဇွဲလားနိုင်ငံ မြို့ကြီးများဖြစ်သော ဗာဂတ်စ်၊ ဂွာရီနက်စ်၊ လာရင်ကိုနာဒါ၊ မွန်တယ်ဘန်၊ လီကူနာအဗီနူစသည့် မြို့ကြီးများ၏ ဆင်ခြေဖုံး၌ နေထိုင်သော ဆင်းရဲသည့် ပြည်သူများအတွက် ဗင်နီဇွဲလားအိုးအိမ်ဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပေးသွားမည် ဖြစ်သည်။

တိုက်ခန်းများတည်ဆောက်

မီရန်ဒါပြည်နယ်တွင်ရှိသော မြို့ကြီးအချို့၌ တိုက်ခန်းပေါင်း ၁၈၀၀၀ခန့် တည်ဆောက်ပေးမည်ဖြစ်ပြီး ဂွာတီရီမြို့တို့တွင် တိုက်ခန်းပေါင်း ၁၅၀၀၀ တည် ဆောက် ပေးသွားမည် ဖြစ်သည်။

ဗင်နီဇွဲလားအစိုးရနေဖြင့် အဆောက်အအုံများ တည်ဆောက်ပေးခြင်းကို စနစ်တကျ စီမံခန့်ခွဲမှုရှိနေကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန် စစ်ရဟတ်ယာဉ်ပစ်ခတ်မှု အရပ်သားရှစ်ဦးသေဆုံး

ဘေဂျီ မေ ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ဘေဂျီမြို့တွင်မေ၂၂ရက်ညက မော်တော်ယာဉ်တစ်စီးကို အမေရိကန် စစ်ဘက်ရဟတ်ယာဉ်က ပစ်ခတ်သည့်အတွက် အရပ်သား ရှစ်ဦးသေဆုံးကြောင်း အရာရှိများက မေ၂၃ရက်တွင် ပြောကြားသည်။

ပျက်ပြားစေနိုင်

ဤသည်မှာ ရာဇဝတ်မှုလုပ်ရပ်ဖြစ်ကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်အရပ်သားများအကြား ဆက်ဆံရေးကို ထိခိုက်စေပြီး လုံခြုံမှု တိုးတက်ရေးကို ပျက်ပြားစေနိုင်ကြောင်း ဘေဂျီမြို့ရဲမှူးကြီး အယ်ကေစီက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ်ဖလားရရှိရေး ပယ်နယ်တီကန်သွင်းမှု

လန်ဒန် မေ ၂၅

၂၀၀၇-၂၀၀၈ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲကတော့ မန်ယူတို့ ဖလားသိမ်းပိုက်ပြီး ကန့်လန့်ကာ ပိတ်ခဲ့ပြီဖြစ်ပါတယ်။ ဒီနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲကတော့ ကမ္ဘာတစ်ဝန်းက ရုပ်သံကြည့်ပရိသတ် သန်း၁၀၀ကျော်ရဲ့ရင်ကို ဆွဲကိုင်လှုပ်ရမ်းနိုင်ခဲ့တာကတော့ ပွဲချိန်နောက်ဆုံး စက္ကန့်တွေအထိပါပဲ။

ပယ်နယ်တီမဝင်ခဲ့သဖြင့် စိတ်ပျက်သွားသော ဒိုလေး။

ငြိုငြင်မှုခံရ

ဒီလို ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ နောက်ဆုံး အဆုံးအဖြတ်အဖြစ် ပယ်နယ်တီကန်ရတဲ့ အခြေအနေ ရောက်လာခဲ့ပြီဆိုရင်တော့ ကြည့်နေတဲ့ ပရိသတ်တွေအပြင် ကစားသမားတွေကိုယ်တိုင်လည်း ပင့်သက်မနေရတော့တာပါပဲ။ ပယ်နယ်တီဆိုတာ ကန်သွင်းတိုင်း ဂိုးဝင်တတ်တာမျိုး မဟုတ်သလို ပရိသတ်တွေရဲ့ အမြင်မှာလည်း ပယ်နယ်တီဝင်အောင်ကန်သွင်းနိုင်ရင် မသိသာပေမယ့် ဂိုးမဝင်ခဲ့ဖူးဆိုရင်တော့ ငြိုငြင်မှုခံရတော့တာပါပဲ။

တူညီနေ

ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ မန်ယူနဲ့ချယ်လ်ဆီးတို့ ပယ်နယ်တီ ကန်သွင်းဖို့ ဖြစ်လာတဲ့အချိန်မှာ မန်ယူနည်းပြ ဖာဂူဆန်နဲ့ ချယ်လ်ဆီးနည်းပြ ဂရန့်တို့ လူရွေးချယ်မှုအပိုင်းမှာ ထူးထူးခြားခြား တူညီနေတာတွေ့ရပါတယ်။ ဖာဂူဆန်ဟာ ဒီနှစ် ပရီမီယာလိဂ်မှ ရောက်လာတဲ့ ကစားသမားအသစ်တွေဖြစ်တဲ့ တီဗက်ဇ်၊ နာနီ၊ အန်ဒါဆင်နဲ့ ဟားဂရေ့ဗ်တို့ကို ရဲရဲဝံ့ဝံ့ ပယ်နယ်တီ ကန်ခိုင်းခဲ့သလို ချယ်လ်ဆီးနည်းပြ ဂရန့်ကလည်း ဒီနှစ်မှ ပြောင်းရွှေ့ ရောက်ရှိလာတဲ့ ကာလူး၊ အနယ်ကာနဲ့ ဘယ်လက်တီတို့ကို ပယ်နယ်တီ ကန်သွင်းစေခဲ့ပါတယ်။

အချိန်မရ

ဒီလိုပယ်နယ်တီ အပြိုင်ကန်သွင်းတဲ့နေရာမှာ မန်ယူအတွက် တီဗက်ဇ်၊

ပယ်နယ်တီ လွဲချော်ခဲ့သည့် တယ်ရီ။

အင်ဒါဆင်၊ နာနီတို့ကို ဖာဂူဆန် ရွေးချယ် ကန်ခိုင်းခဲ့တာ မှန်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လူငယ်တွေပီပီ ဝါးလုံးထိုး ကန်သွင်းယူနိုင်ခဲ့တာဟာ ချယ်လ်ဆီး ဂိုးသမား ပီတာချက် ပြင်ဆင်ဖို့၊ ခန့်မှန်းဖို့ အချိန်မရနိုင်အောင်ဖြစ်ခဲ့ရလို့ပါပဲ။

လွဲခဲ့ဖူး

ဒီလိုပါပဲ ချယ်လ်ဆီး နည်းပြ ဂရန့်ရွေးချယ်ခဲ့တဲ့ ဘယ်လက်တီနဲ့ ကာလူးတို့ ပယ်နယ်တီ ဝင်အောင် ကန်သွင်းယူနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ထူးခြားတာကတော့ မန်ယူရဲ့ အဓိက ကစားသမားဖြစ်တဲ့ စီရိုနယ်ဒိုရဲ့ ပယ်နယ်တီ ကန်သွင်းမှုပါပဲ။ ဒိုလေးဟာ မန်ယူရဲ့ ပင်တိုင် ပယ်နယ်တီကန်ခွင့်ရထားတဲ့ ကစားသမား ဖြစ်ပါတယ်။ စီရိုနယ်ဒိုဟာ မန်ယူကို စရောက်တဲ့နှစ်ကစပြီး အခုအချိန်အထိ ပယ်နယ်တီ ကန်သွင်းမှု လွဲချော်ခဲ့ဖူးပါတယ်။

ပထမဆုံးအကြိမ်ဖြစ်

ဒီပွဲမှာ စီရိုနယ်ဒိုဟာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဖာဂူဆန်ကိုရော ပရိသတ်တွေကိုပါ စိတ်ချမ်းသာမှုပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပယ်နယ်တီ အဆုံးအဖြတ်ယူမယ့် ချန်ပီယံလိဂ်ရဲ့ နောက်ဆုံး အနိုင်အရှုံး အဖြေထုတ်ရမယ့် ကန်သွင်းမှုမှာတော့ စီရိုနယ်ဒိုဟာ ပယ်နယ်တီ မကန်သွင်းခင် စိတ်ဖိစီးမှု ဖြစ်နေတာဟာ မျက်နှာမှာအထင်းသားပေါ်လွင်နေပါတယ်။ တစ်ဦးချင်း တာဝန်ကျေကျေ ဂိုးသွင်းနိုင်ဖို့လိုအပ်နေချိန်မှာ ချန်ပီယံလိဂ် ဗိုလ်လုပွဲရဲ့ ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းရမှု အတွေ့အကြုံ ပထမဆုံးအကြိမ်ဖြစ်နေတဲ့ စီရိုနယ်ဒိုဟာ စိတ်လှုပ်ရှားမှု ဖြစ်မှာ သေချာပါတယ်။ ဒါကြောင့် ကန်နေကျအတိုင်း ပြေးလာ၊ တစ်ချက်တုံ့ပြီး ကန်သွင်းတဲ့ ပုံစံအတိုင်း ကန်သွင်းခဲ့ပေမယ့် ချယ်ဆီးဂိုးသမား ပီတာချက် ပြင်ဆင် ခန့်မှန်းချိန်ရပြီး ပုတ်ထုတ်နိုင်ခဲ့လို့ ဂိုးမဝင်ခဲ့ပါဘူး။ ပရိသတ်တွေကတော့ ပါးစပ်အဟောင်းသား ဖြစ်သွားသလို စီရိုနယ်ဒိုမျက်နှာလည်း ပြိုတော့မယ့်မိုးလို ဖြစ်သွားတော့တာပါပဲ။ ဒါဟာ ချန်ပီယံဖလားရယူလိုစိတ် ဖိစီးမှုဒဏ်ရဲ့ ရလဒ်ပါပဲ။

စိတ်လှုပ်ရှားနေ

မန်ယူပရိသတ်တွေ သောကဖြစ်နေချိန်မှာ ချယ်လ်ဆီး အသင်းခေါင်းဆောင်တယ်ရီလည်း နောက်ဆုံး အဆုံးအဖြတ် ပယ်နယ်တီကန်ရမယ့် အလှည့် ရောက်လာပါတယ်။ တကယ်တော့ ဒရော့ဘာအနီကတ်နဲ့ အထုတ်ခံလိုက်ရတာမို့ တယ်ရီ ကန်ခဲ့ရတဲ့ ဖြစ်ရပ်ပါပဲ။ မန်ယူက ငါးလုံးကန်သွင်းပြီး လေးဂိုးဝင်ထားတဲ့ အနေအထားမို့ ချယ်လ်ဆီးရဲ့ ငါးလုံးမြောက် ကန်သွင်းမှုဟာ သိပ်အရေးကြီးတဲ့ အနေအထားပါပဲ။ ဒါကြောင့် အနိုင်အရှုံးဟာတယ်ရီပေါ်မှာစုပြုံရောက်ရှိနေတာမို့ စိတ်လှုပ်ရှားနေတဲ့အချိန်မှာ ခြေချော်ပြီး ကန်ချက် ဘေးထွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအတွက်နောက်ဆုံး ပယ်နယ်တီ မဝင်ခဲ့သည့် အနယ်လ်ကာ၏ ဟန်ပန်။

ခံလိုက်ရ

ဒီလိုအခြေအနေမျိုးမှာ ပယ်နယ်တီ ဆက်ကန်ဖို့ ဖြစ်လာတဲ့အခါ အနိုင်အရှုံး အဆုံးအဖြတ်ဟာ အနယ်ကာအပေါ်ရောက်လာခဲ့ပြန်ပါတယ်။ အနယ်လ်ကာဟာ ပယ်နယ်တီကန်သွင်းဖို့ ဖိအားတွေ စုပြုံကျရောက်မှုကြောင့် တကယ်တမ်း ကန်သွင်းတဲ့အခါ ကန်ချက်ပျော့ပြီး မန်ယူဂိုးသမား ဗန်ဒါဆားရဲ့ ပုတ်ထုတ်ခြင်းကို ခံလိုက်ရတာပါပဲ။

ရသမြောက်

ဒါကြောင့် မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲကတော့ ပရိသတ်တွေ အကြိုက်နဲ့ ရသမြောက် ပွဲစဉ်တစ်ခုလည်း ဖြစ်ခဲ့ပါကြောင်း သုံးသပ်ဖော်ပြလိုက်ရပါတယ်။ ။

မောင်မောင်မြင့်ဆွေ ရေးသားသည်

အင်တာနက်သတင်းအတိုအထွာ

- **ပြင်သစ်တိုက်စစ်မှူးအွန်နရီက ယူရို၂၀၀၈ပြိုင်ပွဲပြီးနောက် နိုင်ငံတကာ လက်ရွေးစင်အသင်းမှ အနားယူရန် အလားအလာကို ၎င်းအနေဖြင့် ဒွိဟဖြစ်နေသေးကြောင်း ဝန်ခံပြောကြားသည်။**
- ချယ်လ်ဆီးနည်းပြ ဂရန့်က ၎င်းအား တောင်ပံကစားသမားအဖြစ် ကစားစေခြင်းအပေါ် မကျေနပ်ကြောင်း အနယ်ကာက ပြောကြားလိုက်ပြီး လာမည့်ရာသီတွင် ၎င်းအနေဖြင့် ရှေ့တန်းဗဟိုတိုက်စစ်မှူးအဖြစ်ကစားမည်ဟု အခိုင်အမာပြောကြားသည်။
- **ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့သည် ပေါင်ရှစ်သန်းတန် ဒီပို့တီဗိုခံ စစ်မှူးကိုလော့စ်စီနီအား မျက်စိကျနေကြသည်။**
- ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာမှ မက္ကဆီကို ဆယ်ကျော်သက်ဘောလုံးကြယ်ပွင့် ဂျီယိုဗန်နီအား ၎င်းတို့အသင်းမှ ပေါင် ၁၄သန်းတန် မာလူဒါနှင့် လဲလှယ်စာချုပ်ဖွယ်ရှိနေသည်။
- **စပါးနည်းပြ ဂျူအန်ဒီရာမိုစ်သည် လိုင်ယွန်ဂိုးသမား ကူးပက်အားပေါင်နှစ်သန်းခွဲဖြင့် ခေါ်ယူရန် စီစဉ်နေသည်။**
- ဘော်လ်တန်နည်းပြ ဂယ်ရီမက်ဂ်ဆန်သည် စပါးဂိုးသမားရော်ဘင်ဆင်အား ခေါ်ယူနိုင်ရေး အက်စ်တွန်ဗီလာအသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိသည်။
- **မန်ယူမှ ဆီဗက်စတာသည် ဘော်ဒိုးအသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုမည်ဟုဆိုသည်။**
- လီဗာပူးနည်းပြရာဖေးလ်ဘင်နီတက်ဇ်သည် အူဒီးနိစ်ဘယ်နောက်ခံလူ ဒေါ့စ်ဆီနာအား ခေါ်ယူရန်စီစဉ်နေသည်။
- **အင်္ဂလန်အသင်း ကြယ်ပွင့်ဟောင်းနှင့် အမ်ကေဒွန်စ်နည်းပြ ပေါလ်အင့်စ်၏သား အသက် ၁၆နှစ်အရွယ်ရှိ သောမတ်စ်အင့်အား လီဗာပူးအသင်းက ခေါ်ယူစာချုပ်ခဲ့သည်။**
- မန်စီးတီးအသင်းသည် ခံစစ်မှူးရစ်ချတ်ဒွန်နီနှင့် ကွင်းလယ် ကစားသမား စတီဗင်အိုင်ယာလန်တို့ကို ရောင်းထုတ်ခြင်းဖြင့် ဇင်းနစ်စိန့်ပီတာစဘတ်မှ အာရှာဗင်အား ပေါင် ၁၂သန်းတန် စာချုပ်ဖြင့် ခေါ်ယူနိုင်ရန် ဆန်းဒါးလန်းအသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- **အဲဗာတန်အသင်းသည် လက်ရှိဂိုးသမား တင်ဟောင်းဝပ်အပြင် ဘာမင်ဂမ်စီးတီးနှင့် မြောက်အိုင်ယာလန် ဂိုးသမားတေလာအား ထပ်မံခေါ်ယူစာချုပ်ရန် စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။**
- ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် စိတ်ဆတ်မှုကြောင့် ပြိုင်ပွဲမှ အနီကတ်ဖြင့် ထွက်ခဲ့ရသော တိုက်စစ်မှူးဒရော့ဘာအား ရောင်းချရန် ဆုံးဖြတ်လိုက်သည်ဟု ဆိုသည်။

စီရိုနယ်ဒိုအား စိတ်မတည်မငြိမ်ဖြစ်အောင် မလုပ်သင့် ရီးရဲမက်ဒရစ် တာဝန်ရှိသူများအား ဖာဂူဆန်ဝေဖန်

လန်ဒန် မေ ၂၅

ပေါ်တူဂီနှင့် မန်ယူတောင်ပံ ကစားသမား စီရိုနယ်ဒိုကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး လက်လျှော့လိုက်ရန် မန်ယူနည်းပြ ဖာဂူဆန်က ရီရဲမက်ဒရစ်နည်းပြ ဘန်ရှူးစတားနှင့် အသင်းဥက္ကဋ္ဌ ရာမို့ကယ်ဒါရွန်အား မေ ၂၄ ရက်က ပြောကြားလိုက်သည်။

ပြောကြား

ရီးရဲမက်ဒရစ်၏ ဘာနေဗျူးကွင်း၌ လာမည့်ဘောလုံးရာသီတွင် စီရိုနယ်ဒိုရောက်ရှိကစားနေမှုကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ စီရိုနယ်ဒိုအား ခေါ်ယူနိုင်ရေးအတွက် ငွေကြေးသုံးစွဲမှု သတ်မှတ်ထားခြင်း မရှိကြောင်း ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ရာမို့ကယ်ဒါရွန်က မကြာမီက ပြောကြားထားခဲ့သည်။

ရီးရဲတို့ လက်လျှော့ရန်လိုအပ်။

ဖာဂူဆန်

တုံ့ပြန်

အဆိုပါ ပြောကြားမှုများနှင့် ပတ်သက်ပြီး ဖာဂူဆန်က **'စီရိုနယ်ဒိုအား စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုမရှိအောင် ပြောဆိုမြှူဆွယ်နေခြင်းမှာ လူမှုကျင့်ဝတ်ကို ဖောက်ဖျက်ရာရောက်နေကြောင်း၊ မည်သို့မျှ ထူးခြားပြောင်းလဲလာမှုမရှိသည့် အကြောင်းအရာကို ဆက်လက်မကြိုးစားဘဲ လက်လျှော့လိုက်ရန်သာ အကောင်းဆုံးလုပ်ရပ်ဖြစ်ကြောင်း'** တုံ့ပြန်ပြောကြားလိုက်သည်။ (အင်တာနက်)



မီတာ၁၀၀ အပြေးစံချိန်ရှင် ပိုဝဲလ် (ယာ)။

မြင့်မောင်စိုး စုစည်းသည်

ကမ္ဘာ့မီတာ၁၀၀ အမြန်ဆုံးစံချိန်ရှင် ပိုဝဲလ် တိုင်ဆန်ဂေးနှင့် အပြေးပြိုင်ပွဲ ဆင်နွှဲမည်

လန်ဒန် မေ ၂၅

ပေကျင်းအိုလံပစ်ပွဲ မတိုင်မီ သီတင်းသုံးပတ်အလိုတွင် ကမ္ဘာ့မီတာ၁၀၀အပြေးချန်ပီယံ အဆာဖာပိုဝဲလ်နှင့် ချန်ပီယံဟောင်း တိုင်ဆန်ဂေးတို့ အင်္ဂလန်နိုင်ငံ ခရစ္စတယ်ပဲလေ့စ်မြို့ရှိ ဂရင်းပရစ် အားကစားကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယှဉ်ပြိုင်ကြရမည်

အဆိုပါပြိုင်ပွဲမှာ ပေကျင်းအိုလံပစ်ပွဲတော် မတိုင်မီ အကြိုယှဉ်ပြိုင်မှုတစ်ရပ်အဖြစ် ဆင်နွှဲကြခြင်းဖြစ်သည်။ ပေကျင်းအိုလံပစ်ပွဲတော်၌ မီတာ၁၀၀ နောက်ဆုံး ဗိုလ်လုပွဲကို ဩဂုတ် ၁၆ရက်၌ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

မျှော်လင့်

အဆာဖာပိုဝဲလ်သည် အီတလီနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ချန်ပီယံရှစ်မီတာ၁၀၀ အပြေးပြိုင်ပွဲတွင် ၉ ဒသမ ၇၄စက္ကန့်ဖြင့် ကမ္ဘာ့စံချိန် တင်နိုင်ခဲ့သူဖြစ်သည်။ မိမိအနေဖြင့် ပေကျင်းအိုလံပစ်၌ စံချိန်အသစ်တင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း အဆာဖာပိုဝဲလ်က ပြောကြားသည်။ (အင်တာနက်)

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကြည့်မြင်တိုင်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးမောင်ရွှေ(CB-၀၀၁၂၃၀)မှ ဒေါ်ခင်ခင်ငြိမ်း ၁၂/ကမတ(နိုင်)၀၃၆၃၆၆မှ	ဒေါ်နွဲ့နွဲ့အောင် ၂/အစန(နိုင်)၁၃၇၀၄၁	တိုက်(၉)၊အခန်း(၁၃) ပန်းလှိုင်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ။)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မွန်ပြည်နယ် မော်လမြိုင်မြို့ ရွှေတောင်ရပ် အကွက်အမှတ် (၄၃) ဦးပိုင်အမှတ် (၆၉/က) မြေချိန်ဧရိယာ ၀ ဒသမ ၂၁၂ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မော်လမြိုင်မြို့ ရွှေတောင်ရပ် မိန်းကလေးကျောင်းလမ်း၊ အမှတ်(၅)ဟု လိပ်စာခေါ်တွင်သော နှစ်ထပ်တိုက် အိမ်အပါအဝင် အဆောက်အအုံတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးမင်းသန်း၊ ဒေါ်ကေသီခိုင်တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက သဘောတူပြီး စရန်ငွေပေးချေထားပါသဖြင့် အဆိုပါမြေနှင့် အဆောက်အအုံတို့အပေါ် တစ်စုံတစ်ရာပိုင်ရေးဆိုင်ခွင့် အရေးဆိုလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဟန်၊ ဦးလှမင်း၊ ဒေါ်ခင်မာလာကြည်
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၁၇၀၊ ဒုတိယထပ်၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

အများသိစေရန် ကြေညာချက်

ပင်းယမန်နျူဖက်ချားရင်း ကုမ္ပဏီလီမိတက် Max အချိုရည်၏ အကြီးတန်းအရောင်းမန်နေဂျာ ဦးထွန်းဝင်း ၁၂/အစန(နိုင်)၀၁၅၂၁၁ (အဖ-ဦးစီအန်အုပ်)-အမိ ဒေါ်ခင်မေတင့် အမှတ် ၃၆ လသာလမ်း လသာမြို့နယ်၊ အမှတ် ၁၃၀ ခွာညိုလမ်း ၄၅ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် နေထိုင်သူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းဝင်းသည်(၁၁-၄-၂၀၀၈)ရက်မှ စတင်၍ ကုမ္ပဏီသို့ လာရောက်ခြင်း မရှိဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။ ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်စဉ် ရှင်းလင်းရန်ရှိသော ငွေကြေး၊ စာရင်းများကို ဤကြေညာပါသည့်ရက်မှ စတင်၍ တစ်ပတ်အတွင်း လာရောက် ရှင်းလင်းပေးရန် အကြောင်းကြားအပ်ပါသည်။ တစ်ပတ်အတွင်းလာရောက်ခြင်း မရှိပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် ဦးထွန်းဝင်းသည် ကုမ္ပဏီနှင့်မည်သို့မျှ သက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၁၂၆၈ ဟန်စင်း ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမိုး မှတ်ပုံတင်အမှတ် ၅/စကန(နိုင်)၀၂၉၈၆၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်းမြို့)။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်
၂၀၀၈ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ်-၄၃

ဦးတင်ဝင်း နှင့် **ဒေါ်အေး**
လျှောက်ထားသူ **လျှောက်ထားခံရသူ**

ဒေါ်အေး အမှတ် ၃၉၁ ဇေယျာသုခလမ်း (က)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ လျှောက်ထားခံရသူ သိစေရမည်။

လျှောက်ထားသူက မိမိအား ရန်ကုန်မြို့ တရားရုံးချုပ်၏ ၂၀၀၇ခုနှစ် တရားမပထမအယူခံမှု အမှတ် ၁၅၇တွင် ချမှတ်လိုက်သော ၂၀၀၇ခုနှစ် အောက်တိုဘာ ၃၀ရက်စွဲပါစီရင်ချက်နှင့် ဒီကရီအပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေး ဥပဒေပုဒ်မ၇အရ ပေးပါမည့်အကြောင်း အထက်အမည်ပါဖော်ပြလျှောက်ထားသူ၏ တရားရုံးချုပ်ရှေ့နေကတင်သွင်း၍ တရားရုံးချုပ်တွင် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါလျှောက်လွှာနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရအာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ တရားရုံးချုပ်၊ တရားမဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးထံ ကန့်ကွက်ချက်များတင်သွင်းလိုက တင်သွင်းရန် ၂၀၀၈ခုနှစ် ဇွန် ၁၃ရက် နံနက် ၁၀နာရီအချိန်တွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၈ခုနှစ် မေ ၁၆ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်စုငယ်
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာန၊ ဌာနစု(၄)
တရားရုံးချုပ်
ရန်ကုန်မြို့။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မတောင်ပေါ်ရှိ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအသုံးပြုရန် အလှူငွေကျပ်တစ်သိန်းတစ်သောင်းတစ်ထောင်တစ်ရာတစ်ဆယ့်တစ်ကျပ်ကို မိုးညှင်းဒီဂရီကောလိပ် သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါ်မြမြစမ်းက ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ ဦးကံမြင့်နှင့် ဘဏ္ဍာထိန်းဦးစိန်လှိုင်တို့ လက်ခံယူစဉ်။ (က-ပ)

တီးတိန်မြို့နယ်စည်ပင် တိုးချဲ့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်

ဟားခါး မေ ၂၀

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် မေ ၁ ရက် နံနက် ၉ နာရီက တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တိုးချဲ့ဆောင်ရွက်လျက်ရှိသော မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

အဏ္ဏဝါဇီဝ၊ အဏ္ဏဝါသိပ္ပံ (မော်လမြိုင်တက္ကသိုလ်) ကျောင်းသားဟောင်းများ တွေ့ဆုံပွဲရက်ရွှေ့ဆိုင်း

ရန်ကုန် မေ ၂၅

အဏ္ဏဝါဇီဝ၊ အဏ္ဏဝါသိပ္ပံ (မော်လမြိုင်တက္ကသိုလ်) ကျောင်းသားဟောင်းများ၏ တွေ့ဆုံပွဲကို မူလက မေ ၂၅ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသားဟောင်းများ၏ တွေ့ဆုံပွဲကို ရက်အကန့်အသတ်မရှိရွှေ့ဆိုင်းထားပါကြောင်းနှင့် လေဘေးသင့် ကျောင်းသားဟောင်းများလည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဖခင်ကြီးဦးသန်းထွန်း(ရေကြောင်းအင်စပက်တော် တွံတေးတူးမြောင်း) နှင့် မိခင်ကြီးဒေါ်ငွေတင်တို့အားရည်စူး၍ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး၊ အာဟာရပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၁၀၅)

လေဘေးကယ်ဆယ်ရေးအတွက် တိုင်းရင်းဆေးတက္ကသိုလ်မိသားစု အလှူငွေနှင့် ဆေးဝါးများ လှူဒါန်း

ရန်ကုန် မေ ၂၅

မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်မိသားစုများက လေဘေး ကယ်ဆယ်ရေးအတွက် အလှူငွေကျပ်၁၀၁၄၀၀၀နှင့် တိုင်းရင်းဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အပတ်စဉ်(၁) ဘီ၊ အမ်၊ တီ၊ အမ် ကျောင်းသား ကျောင်းသူဟောင်းများက အလှူငွေကျပ် ၃၀၀၀၀၀ စုစုပေါင်းအလှူငွေကျပ်၁၃၁၄၀၀၀ကို တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာလွင်ကိုက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အလှူငွေလက်ခံရေးအဖွဲ့သို့ မေ ၁၄ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဒိုက်ဦးမြို့ အမှတ်(၆)ရပ်ကွက် ၆ လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် မေ ၂၀ရက်က ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကန်ပေါက်ကျေးရွာအုပ်စု ခွေးတောက်ပင်ကျေးရွာ လေးလက်မပိုက်အနက်ပေ၅၀၀ စက်ရေတွင်း တူးဖော်ဆောင်ရွက်ရာ ရေထွက်နှုန်းတစ်နာရီ ရေဂါလန် ၂၀၀၀ ရရှိပြီး ရေချိုရေကောင်းအဖြစ် ကျေးရွာသူရွာသားများ သုံးစွဲလျက်ရှိရာ အဆိုပါ စက်ရေတွင်းတူးဖော် ရေမှုတ်နေမှုကို အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးစိုးမင်းလတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့်ညီလာခံ၌ အဖွင့်မိန့်ခွန်းမြွက်ကြား

ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၅

ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် **Grand Ballroom** ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အဖွင့်မိန့်ခွန်းမြွက်ကြားသည်။

တက်ရောက်

အဆိုပါညီလာခံသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ ကုလသမဂ္ဂလူသားချင်းစာနာမှု အကူပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် **Mr. John Holmes**၊ အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး **Mr. George Yeo**၊ အာဆီယံအတွင်းရေးမှူးချုပ် **Mr. Surin Pitsuwan**၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အီဂျစ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လာအို၊ လူဇင်ဘတ်၊ မလေးရှား၊ နီပေါ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ရုရှား၊ ဆားဘီးယား၊ စင်ကာပူ၊ ဆလိုဗေးနီးယား၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ထိုင်း၊ တူရကီ၊ ဗြိတိန်၊ ယူကရိန်း၊ နိုင်ဂျီးရီးယား၊ ဘရာဇီးလ်၊ စပိန်၊ ဟန်ဂေရီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံ စုစုပေါင်း ၅၁နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အထူးကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် **EU**၊ **UNFPA**၊ **WHO**၊ **FAO**၊ **UNICEF**၊ **UNHCR**၊ **UNODC**၊ **WFP**၊ **ILO**၊ **UNDP**၊ **UNOPS**၊ **UNIC**၊ **IOM**၊ **IFRC**၊ **ICRC**၊ **WORLD BANK**၊ **ADB**၊ **UNAIDS**၊ **UNESCO**၊ **UN-Habitat**၊ **UNHQ**၊ **OCHA**၊ **WMO**၊ **MBC** စသည့် နိုင်ငံတကာအဖွဲ့အစည်း စုစုပေါင်း ၂၄ ခုနှင့် အကူအညီပေးရေး မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ညွန့်ပေါင်းအဖွဲ့ **(Myanmar Business Coalition on AIDs)** တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာနိုင်ငံ လေဘေးဒုက္ခ ကျရောက်ခံစားရသူများအတွက် ထောက်ပံ့ကူညီပေးမည့်ပစ္စည်းများကို ပေးပို့ကူညီမည်ဆိုပါက မိမိတို့အနေဖြင့် ကုန်းကြောင်းလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းတို့မှတစ်ဆင့် ဝင်ရောက်ခွင့်ပြုမှာဖြစ်၊ သို့သော်လည်း ရေကြောင်းလမ်းမှ ပေးပို့ကူညီလိုသည့်ပစ္စည်းများအတွက် အရပ်ဘက်သင်္ဘောဖြင့်သာလျှင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ကြရန်ဖြစ်။

26-5 (20).pmd 1 5/26/2008, 2:38 AM